# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# (၂၉) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၆ | (က) ပြည်တွင်းစစ်ဘေးဒဏ်သင့်နှင့် စစ်ဘေးရှောင် ပြည်သူများအတွက် သစ်တောကြိုးဝိုင်းတွင် ခေတ္တနေထိုင်နိုင်ရန်၊ ရေရှည်အသက်ရှင်ရပ်တည်နိုင်ရန်နှင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာမြှင့်တင်ရန်ကို နိုင်ငံတော်မှ မည်သို့ဆောင်ရွက်ပေးနေကြောင်းနှင့် စစ်ဘေးရှောင်ပြည်သူများ၏ လူသားဘဝလုံခြုံရေး အတွက် မည်သည့်မူဝါဒဖြင့်ဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၇ | (ခ) ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မယ်ဟန်-မိုင်းရယ်ကားလမ်းပိုင်းရှိ ပျက်စီးနေသော ကားလမ်းအပိုင်း အဆင့်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်းအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် လုပ်ငန်းလျာထားချက်တွင် မည်သည့်အတွက် ရန်ပုံငွေ လျာထားဆောင်ရွက်ပေးခဲ့ခြင်း မရှိသည်ကို သိလိုခြင်း၊ လမ်း၊ တံတား လုပ်ငန်းများအတွက် ရန်ပုံငွေလျာထားရာတွင် မည်သည့်မူဝါဒဖြင့် မည်ကဲ့သို့ရန်ပုံငွေခွဲဝေ လျာထားသည်ကို သိလိုခြင်း၊ မယ်ဟန်-မိုင်းရယ် ကားလမ်းအပိုင်းတွင် လမ်းအဆင့်မြှင့်တင် တိုးချဲ့ပေးရန် ကျန်ရှိနေသော လမ်းပိုင်းအချို့အား မည်သည့်ကာလတွင် အပြီးဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၁ |
| ၈ | (ဂ) ရတနာပုံ စီလီကွန်စီမံကိန်းမြေအဖြစ် သိမ်းဆည်းထားသော ဧကတစ်သောင်းအား ရည်မှန်းထားသည့် နိုင်ငံတော်စီမံကိန်းများကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် အသုံးပြုရန်မလိုသော ကျန်မြေဧကများကို ဒေသခံတောင်သူများအား စိုက်ပျိုးလုပ်ကိုင်ခွင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၆ |

| | | |
|---|---|---|
| ၉ | (ဃ) စစ်ကိုင်း-မုံရွာကားလမ်းပေါ်ရှိ မိုင်တိုင် (၄၆/၃ နှင့် ၄၆/၄) ကြား မြင်းမူမြို့တွင် လမ်း၊ တံတားအသုံးပြုခ ကောက်ခံလျက်ရှိသော ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီ၏ လမ်း၊ တံတား အသုံးပြုခ ကောက်ခံရေး ဂိတ်အားဖျက်သိမ်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၃ |
| ၁၀ | (င) B.O.T စနစ်ဖြင့် လုပ်ကိုင်ခွင့်ပေးထားသော လမ်းများ၏ အရည်အသွေးသည် ပြည်သူများပေးဆောင် နေရသည့် လမ်းအသုံးပြုခ နှုန်းထားများနှင့် ထိုက်တန်မှုမရှိ ဖြစ်နေခြင်းများကို မည်ကဲ့သို့ စိစစ်ကြပ်မတ်ဆောင်ရွက်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၈ |
| ၁၁ | (စ) ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ရခိုင်ပြည်နယ်ရှိ ဆောက်လုပ်ရေးလုပ်ငန်း တင်ဒါရရှိသူများထံမှ လုပ်ငန်းတန်ဖိုး၏ ၅ % ဖြတ်တောက် ကောက်ခံရရှိငွေအပေါ် လုပ်ငန်းတစ်ခုချင်းအလိုက် သိလိုခြင်း၊ ဤကဲ့သို့ရရှိငွေများကို အရည်အသွေး (QC) စစ်ဆေးရာတွင် မည်သို့သုံးစွဲခဲ့ပြီး လက်ကျန်ငွေမည်မျှ ရှိသည်ကို သိလိုခြင်းနှင့် ဤကဲ့သို့ကောက်ခံခြင်းသည် ဥပဒေနှင့်ညီ၊ မညီ သိလိုခြင်းတို့နှင့် စပ်လျဉ်း သည့်မေးခွန်း | ၃၅ |
| ၁၂ | ပြည်သူ့လွှတ်တော် စီးပွားရေးနှင့်ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်း နှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း | ၄၁ |
| ၁၃ | ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၄၂ |
| ၁၄ | ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း | ၅၀ |
| ၁၅ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၂၉) ရက် မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၀) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၅၅ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

# (၂၉)ရက်မြောက်နေ့ အစီအစဉ်

# [ ၁၂–၇–၂၀၁၇ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါ်နန်းခမ်းအေး၊ နမ္မတူ မဲဆန္ဒနယ် **ပြည်တွင်းစစ်ဘေးဒဏ်သင့်နှင့် စစ်ဘေးရှောင် ပြည်သူများအတွက် သစ်တောကြိုးဝိုင်းတွင် ခေတ္တနေထိုင်နိုင်ရန်၊ ရေရှည်အသက်ရှင်ရပ်တည်နိုင်ရန်နှင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ မြှင့်တင်ရန်ကို နိုင်ငံတော်မှ မည်သို့ဆောင်ရွက်ပေးနေကြောင်းနှင့် စစ်ဘေးရှောင်ပြည်သူများ၏ လူသားဘဝလုံခြုံရေးအတွက် မည်သည့်မူဝါဒဖြင့် ဆောင်ရွက်နေသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးစိုင်းသီဟကျော်၊ မိုင်းရယ် မဲဆန္ဒနယ်၏ **ရှမ်းပြည်နယ်မြောက်ပိုင်း၊ မယ်ဟန်–မိုင်းရယ် ကားလမ်းပိုင်းရှိ ပျက်စီးနေသော ကားလမ်းအပိုင်း အဆင့်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်းအတွက် (၂၀၁၇–၂၀၁၈) ဘဏ္ဍာရေးနှစ် လုပ်ငန်း လျာထားချက်တွင် မည်သည့်အတွက် ရန်ပုံငွေ**

**လျာထား ဆောင်ရွက်ပေးခဲ့ခြင်း မရှိသည်ကို သိလိုခြင်း၊ လမ်း၊ တံတား လုပ်ငန်းများအတွက် ရန်ပုံငွေလျာထားရာတွင် မည်သည့် မူဝါဒဖြင့် မည်ကဲ့သို့ ရန်ပုံငွေခွဲဝေလျာထားသည်ကို သိလိုခြင်း၊ မယ်ဟန်–မိုင်းရယ်ကားလမ်းအပိုင်းတွင် လမ်းအဆင့် မြှင့်တင်တိုးချဲ့ပေးရန် ကျန်ရှိနေသော လမ်းအပိုင်းအချို့အား မည်သည့်ကာလတွင် အပြီးဆောင်ရွက်ပေးမည်ကို သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဦးအောင်ခင်၊ ပြင်ဦးလွင် မဲဆန္ဒနယ်၏ **ရတနာပုံ စီလီကွန် စီမံကိန်းမြေအဖြစ် သိမ်းဆည်းထားသော ကေတစ်သောင်းအား ရည်မှန်းထားသည့် နိုင်ငံတော်စီမံကိန်းများကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် အသုံးပြုရန်မလိုသော ကျန်မြေဧကများကို ဒေသခံ တောင်သူများအား စိုက်ပျိုးလုပ်ကိုင်ခွင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစိုးစံသက်ထွန်း၊ မြင်းမူ မဲဆန္ဒနယ်၏ **စစ်ကိုင်း–မုံရွာကားလမ်းပေါ်ရှိ မိုင်တိုင်(၄၆/၃ နှင့် ၄၆/၄ ကြား) မြင်းမူမြို့တွင် လမ်း/တံတား အသုံးပြုခ ကောက်ခံလျက်ရှိသော ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီ၏ လမ်း/တံတားအသုံးပြုခကောက်ခံရေးဂိတ်အား ဖျက်သိမ်း ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည် မဲဆန္ဒနယ်၏ **BOT စနစ်ဖြင့် လုပ်ကိုင်ခွင့်ပေးထားသော လမ်းများ၏ အရည်အသွေးသည် ပြည်သူများပေးဆောင်နေရသည့် လမ်းအသုံးပြုခနှုန်းထားများနှင့် ထိုက်တန်မှုမရှိ ဖြစ်နေခြင်းများကို မည်ကဲ့သို့ စိစစ်ကြပ်မတ် ဆောင်ရွက်မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ရခိုင်ပြည်နယ်ရှိ ဆောက်လုပ်ရေးလုပ်ငန်းတင်ဒါ ရရှိသူများထံမှ လုပ်ငန်းတန်ဖိုး၏ ၅% ဖြတ်တောက်ကောက်ခံရရှိငွေအပေါ် လုပ်ငန်း တစ်ခုချင်းအလိုက် သိလိုခြင်း၊ ဤကဲ့သို့ရရှိငွေများကို အရည်အသွေး**

**(QC) စစ်ဆေးရာတွင် မည်သို့သုံးစွဲခဲ့ပြီး လက်ကျန်ငွေ မည်မျှ ရှိသည်ကို သိလိုခြင်းနှင့် ဤကဲ့သို့ကောက်ခံခြင်းသည် ဥပဒေနှင့် ညီ၊ မညီ သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း၊

၇။ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးမြတ်လေးဦး၊ ထီးလင်း မဲဆန္ဒနယ်၊

(ခ) ဒေါ်နန်းထွေးသူ၊ ဖားဆောင်း မဲဆန္ဒနယ်၊

(ဂ) ဦးဦးလှစော၊ မြောက်ဦး မဲဆန္ဒနယ်၊

၈။ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော **"အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၀)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
## (၂၉)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်
## (၂၀၁၇ ခုနှစ်၊ ဇူလိုင် ၁၂ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း

## ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၅ ဦးရှိသည့်အနက် ၃၉၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၆၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးခင်မောင်သိန်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အဖွဲ့ဝင် ကျွန်တော် ဦးခင်မောင်သိန်း၊ စစ်ကိုင်းမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၀ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂၃ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း ခွင့် ၁ ရက်၊

(၂) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၃ ရက်၊

(၃) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်၊

(၄) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျီဖုန်ဆားရန် ခွင့် ၃ ရက်၊

**မှုကြမ်း**

(၅) ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း ခွင့် ၁ ရက်၊

(၆) အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး ခွင့် ၁ ရက်၊

(၇) ရေတာရှည်မဲဆန္ဒနယ်မှ ဦးကြည်မိုးနိုင် ခွင့် ၁ ရက်၊

(၈) အမရပူရမဲဆန္ဒနယ်မှ ဦးစိုးမြင့်(ခ)အောင်ဇော်မြင့် ခွင့် ၁ ရက်၊

(၉) တာချီလိတ်မဲဆန္ဒနယ်မှ ဦးဒွေးဝင်း ခွင့် ၁ ရက်၊

(၁၀) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊

(၁၁) ဘုတလင်မဲဆန္ဒနယ်မှ ဦးမြင့်ဟန်ထွန်း ခွင့် ၁ ရက်၊

(၁၂) မကွေးမဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၁ ရက်၊

(၁၃) တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၃ ရက်၊

(၁၄) ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးစံခင် ခွင့် ၃ ရက်၊

(၁၅) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၃ ရက်၊

(၁၆) ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက် ခွင့် ၃ ရက်၊

(၁၇) မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု ခွင့် ၁ ရက်၊

(၁၈) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၁ ရက်၊

(၁၉) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁ ရက်၊

(၂၀) မတ္တရာမဲဆန္ဒနယ်မှ ဦးဇော်မင်းလွင် ခွင့် ၁ ရက်၊

(၂၁) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဒွေး ခွင့် ၁ ရက်၊

(၂၂) ဖြူးမဲဆန္ဒနယ်မှ ဦးသန်းညွန့် ခွင့် ၁ ရက်၊

(၂၃) ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂၂ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၂၃ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၅ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**မူကြမ်း**

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၂ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၅ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်ခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ပြည်တွင်းစစ်ဘေးဒဏ်သင့်နှင့် စစ်ဘေးရှောင်ပြည်သူများအတွက် သစ်တောကြိုးဝိုင်းတွင် ခေတ္တနေထိုင်နိုင်ရန်၊ ရေရှည်အသက်ရှင်ရပ်တည်နိုင်ရန်နှင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာမြှင့်တင်ရန်ကို နိုင်ငံတော်မှ မည်သို့ဆောင်ရွက်ပေးနေကြောင်းနှင့် စစ်ဘေးရှောင်ပြည်သူများ၏ လူသားဘဝလုံခြုံရေးအတွက် မည်သည့်မူဝါဒဖြင့် ဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခမ်းအေး(နမ္မတူမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါ။ ရှမ်းပြည်နယ်၊ နမ္မတူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး ဖြစ်ပါတယ်။ Power Point သုံးခွင့်ပြုပါရှင်။ ပြည်တွင်းတိုက်ပွဲကြောင့် နမ္မတူမြို့နယ်မှာရှိတဲ့ စစ်ဘေးဒုက္ခသည်စခန်းကိုအခြေခံဖော်ပြပြီး တစ်နိုင်ငံလုံးမှာရှိတဲ့ ကာလကြာရှည် တိမ်းရှောင်နေရတဲ့စခန်းတွေအတွက် ရည်ရွယ်ပြီးတော့ ဒီမေးခွန်းကို

မေးမြန်းမှာဖြစ်ပါတယ်။ ပြည်တွင်းစစ်ရှိနေသမျှကာလပတ်လုံး စစ်ဘေးဒုက္ခသည်တွေရှိနေမှာ ဖြစ်တတ်တဲ့သဘောသဘာဝလို့ သတ်မှတ်ရပေမဲ့ တိုက်ပွဲအတွက် သားကောင်မဟုတ်တဲ့ပြည်သူတွေ လျစ်လျူရှုခံထားရသလို ဖြစ်နေပါတယ်။ မန်တုံမြို့နယ်၊ နမ္မတူမြို့နယ်မှာရှိတဲ့ စစ်ဘေးဒုက္ခသည်တွေ ဟာ နမ္မတူမြို့မှာ လာရောက်ခိုလှုံနေရပါတယ်။ ကချင်နှင့် ချင်းခရစ်ယာန်အသင်းတော် (KBC 1)မှာ ၂၀၁၁ ခုနှစ်ကတည်းက လာရောက်ခိုလှုံနေတဲ့ စစ်ဘေးရှောင်တွေဟာ ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲမှာ မဲပေးပိုင်ခွင့်မရဘဲနဲ့ နိုင်ငံသားအခွင့်အရေးဆုံးရှုံးခံရပါတယ်။ ဒီနိုင်ငံမှာရှိတဲ့ စစ်ဘေးဒုက္ခသည်စခန်း အများစုဟာ သာသနာမြေ၊ သာသနာအဆောက်အအုံတွေမှာပဲ ခိုလှုံနေကြရပါတယ်။ တစ်ခဏတာ အတွက် သာသနာပိုင်မြေမှာ ခိုလှုံဖို့အဆင်ပြေနိုင်သော်လည်းပဲ အချိန်ဘယ်လောက်ကြာအောင် တိမ်းရှောင်နေရမယ်မသိတဲ့ဒေသတွေအတွက် သက်ဆိုင်ရာမှ နေရပ်မပြန်ခင်ကြားမှာ မြို့မှာရှိတဲ့ မြေလွတ်မြေလပ် ဒါမှမဟုတ် သစ်တောကြိုးဝိုင်းတွေမှာ နေရာချထားပေးဖို့ လိုနေပါပြီ။ အခု ကျွန်မတို့ နမ္မတူမှာဆိုလို့ရှိရင် နှစ်နှစ်သက်တမ်းအတွင်းမှာ၊ တချို့က ငါးနှစ်အတွင်းမှာ သာသနာမြေမှာ နေရတာ ရှိနေပါသေးတယ်။ စစ်ဘေးရှောင်တွေအတွက် နိုင်ငံတော်က အနည်းငယ်ထောက်ပံ့မှုပေးနေတာဟာ ကုစားမှုတစ်ခုမဟုတ်ပါဘူး။ ဝန်ဆောင်မှုများရင် ဈေးကွက်စီးပွားရေးစနစ်အောင်မြင်ပေမဲ့ စစ်ဘေးရှောင်တွေကို ထောက်ပံ့ပေးနေတဲ့ ထောက်ပံ့မှုများလို့ရှိရင် သူတို့ရဲ့စွမ်းရည်ကို ပိုမိုလျော့ပါး နိမ့်ကျစေပါတယ်။ ဒါပေမဲ့ အခုအခြေအနေမှာ စစ်ဘေးရှောင်တွေကို အဖြစ်သဘောလောက်သာ ထောက်ပံ့ပေးနိုင်ပြီး မျက်ကွယ်ပြုသလိုဖြစ်နေတဲ့အတွက်ကြောင့် သူတို့ရဲ့လူနေမှုဘဝကို ဆိုးရွားတဲ့ အခြေအနေကို တွန်းပို့သလိုဖြစ်နေပါတယ်။

နိုင်ငံတော်တည်ဆောက်ရေးနှင့်ပတ်သက်ပြီး စစ်ဘေးရှောင်တွေရဲ့ ပညာရေးနှင့်ပတ်သက်ပြီး တော့ စခန်းရှောင်စခန်းမှာဆိုလို့ရှိရင် ပုံမှာပြထားတဲ့အတိုင်း စစ်ဘေးရှောင်အချင်းချင်း အခမဲ့ ပြန်လည်ပြီးတော့ ပညာသင်ကြားနေတာကို တွေ့ရမှာပါ။ သူတို့ရဲ့ရပ်တည်နေထိုင်မှုနှင့်ပတ်သက်ပြီး ပဋိပက္ခဖြစ်နေတဲ့ဒေသအတွက် လိုအပ်ခြင်းမရှိတဲ့နေထိုင်မှုကို မဖန်တီးပေးနိုင်ရင်တောင်မှ အကြောက်တရားမရှိတဲ့နေထိုင်မှုမျိုးကို ဖန်တီးပေးဖို့ လိုနေပါတယ်။ အသက်ရှင်ရပ်တည်နေထိုင်ဖို့ ဝင်ငွေရရှိရေးအတွက် မဟုတ်တောင်မှ ဝမ်းစာရေးအတွက် စိုက်ပျိုးနိုင်ဖို့ ယာယီစိုက်ပျိုးမြေတွေကို ဖန်တီးပေးရမှာဖြစ်ပါတယ်။ အဲဒါအပြင် အသက်မွေးဝမ်းကျောင်း အသိပညာပေးခြင်း၊ စိတ်ဓာတ် စွမ်းရည်မြှင့်တင်မှုအသိပညာပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးဖို့ လိုအပ်နေပါတယ်။ ၂၀၁၆၊ ၂၀၁၇ ခုနှစ်မှာ စစ်ဘေးရှောင်စခန်းတွေမှာ EPRP နှင့် We are Tai က ပူးပေါင်းပြီး လက်မှု

ပညာသင်တန်းတစ်ခု လာရောက်သင်ကြားပေးတာကလွဲပြီး နိုင်ငံတော်မှ မည်သည့်သင်တန်းမှ လာရောက်ပို့ချပေးခြင်း မရှိပါဘူး။ ဒါကိုကြည့်ခြင်းအားဖြင့် ပဋိပက္ခဖြစ်တဲ့ဒေသမှာ သက်ဆိုင်ရာရဲ့ လက်တွေ့ကျတဲ့ ပြင်ဆင်မှုတွေရှိမနေတာကို ဖော်ညွှန်းနေပါတယ်။ ကျွန်မ လွှတ်တော်ပိတ်ပြီး ပြန်သွားတိုင်းမှာ သူတို့တွေက နိုင်ငံတော်က ကျွန်တော်တို့အတွက် ဘယ်လိုတွေစီမံပေးနေပြီလဲ။ ပြည်တွင်းငြိမ်းချမ်းရေးရတော့မှာလား။ စစ်မှန်တဲ့ငြိမ်းချမ်းရေးရော တကယ်ဖြစ်မှာလားဆိုပြီးတော့ မျှော်လင့်ချက်ကြီးစွာနဲ့ မေးနေတဲ့မေးခွန်းတွေကို ကျွန်မ ရင်နင့်အောင် အမေးခံနေရပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဦးစားပေးဆောင်ရွက်ရေးမှ လုပ်ငန်းတွေမှာလည်း ဘယ်ကာလအထိတိုင်အောင် တိမ်းရှောင်နေရမယ်မသိတဲ့ စစ်ဘေးရှောင်ပြည်သူတွေအတွက် ပြင်ဆင်လျာထားချက်ရှိမနေတာကိုလည်း တွေ့ရှိရပါတယ်။ ဒါကြောင့် ဒီနိုင်ငံမှာ လူ့အဖွဲ့အစည်းဆိုင်ရာအဆောက်အအုံတွေဟာ တစ်ဖက်စောင်းနင်းဖြစ်နေပြီးတော့ အဲဒီအဆောက်အအုံဆိုင်ရာပြဿနာကို ဆင်းရဲသားပြည်သူတွေက ခါးဆီးခံနေရပါတယ်။

Institution တွေကို အချိန်တိုအတွင်းမှာ ကမ္ဘာမှာ အကောင်းဆုံးဖြစ်အောင်ပြင်နိုင်ရင်တောင်မှ စစ်ဘေးရှောင်ပြည်သူတွေနဲ့ တိုက်ပွဲမှာ ကိုယ်တိုင်ပါဝင်ပတ်သက်နေရတဲ့ မြေပြင်လက်နက်ကိုင်အားလုံးရဲ့ဘဝနဲ့ ဒုက္ခအနိဋ္ဌာရုံတွေကို ပြစ်ပယ်ထားမယ်ဆိုရင် ဒီနိုင်ငံဟာ တိုးတက်နိုင်မှာမဟုတ်ပါဘူး။ အဲဒါကြောင့် ပြည်တွင်းစစ်ဆေးဘဏ်သင့်တဲ့ စစ်ဘေးရှောင်ပြည်သူတွေအတွက် သစ်တောကြိုးဝိုင်းမှာ ခေတ္တနေထိုင်နိုင်ရန်၊ ရေရှည်အသက်ရှင်ရပ်တည်နိုင်ရန်နှင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာမြှင့်တင်ရန်ကို နိုင်ငံတော်မှ မည်သို့ဆောင်ရွက်ပေးနေကြောင်းနှင့် စစ်ဘေးရှောင်ပြည်သူတွေရဲ့ လူသားဘဝလုံခြုံရေးအတွက် မည်သည့်မူဝါဒဖြင့် ဆောင်ရွက်နေတာကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ္မတူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေးရဲ့ ပြည်တွင်းစစ်ဘေးဒဏ်သင့်နှင့် စစ်ဘေးရှောင်ပြည်သူများအတွက် သစ်တောကြိုးဝိုင်းတွင် ခေတ္တနေထိုင်ရန်၊ ရေရှည်အသက်ရှင်

ရပ်တည်နိုင်ရန်နှင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာမြှင့်တင်ရန်ကို နိုင်ငံတော်မှ မည်သို့ဆောင်ရွက်ပေးနေကြောင်းနှင့် စစ်ဘေးရှောင်ပြည်သူများ၏ လူသားဘဝလုံခြုံရေးအတွက် မည်သည့်မူဝါဒဖြင့်ဆောင်ရွက်နေသည်ကို သိရှိလိုပါကြောင်း မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ရဲ့ စစ်ဘေးရှောင်ပြည်သူများအတွက် ဆောင်ရွက်ပေးနေတဲ့အခြေအနေများကို ကျွန်တော် နယ်စပ်ရေးရာဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်မှ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ကတော့ ၂၄-၁၁-၂၀၁၆ ရက်နေ့မှာ မူဆယ်မြို့စစ်ဘေးရှောင်စခန်းငါးခုမှာ အိမ်ထောင်စု ၁၀၀၀ စုရှိပါတယ်။ လူဦးရေအနေနဲ့ ၃၄၆၀ ဦးရှိတဲ့အတွက် ၁၁-၁၂-၂၀၁၆ ရက်နေ့မှ ၁၂-၁၂-၂၀၁၆ ရက်နေ့အထိ နိုင်ငံတော်ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူရဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) ခရီးစဉ်မှာ ကျွန်တော်တို့ မူဆယ်မြို့ စစ်ဘေးရှောင်စခန်းငါးခုမှာရှိတဲ့ အိမ်ထောင်စု ၂၂၂ စု၊ လူဦးရေ ၆၄၉ ဦးနှင့် လားရှိုးမြို့ စစ်ဘေးရှောင်ပြည်သူအိမ်ထောင်စု ၄၈ စု၊ လူဦးရေ ၁၈၁ ဦးတို့အတွက်လည်းကောင်း၊ ၁၈-၁-၂၀၁၇ ရက်နေ့နှင့် ၁၅-၂-၂၀၁၇ ရက်နေ့တို့မှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာရှိတဲ့ စစ်ဘေးရှောင်ပြည်သူများအားလုံးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကနေတစ်ဆင့် ဆန်အိတ် ၂၇၈၄ အိတ်၊ ဆီ ၄၇၄၅ ပိဿာ၊ ပဲ ၁၃၂၁၁ ပိဿာ၊ ဆား ၁၃၂၂ ပိဿာ၊ ရာသီဥတုဒဏ်ခံနိုင်ဖို့အတွက် စောင် ၃၆၆၈ ထည်နှင့် ငွေကျပ် ၂၅.၇၃၀ သန်း စုစုပေါင်းတန်ဖိုးငွေကျပ် ၁၃၈.၉၈၂ သန်း ထောက်ပံ့ပေးခဲ့ပြီးဖြစ်ပါတယ်။

ထို့အတူ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့်ကတော့ သစ်တောသယံဇာတအရင်းအမြစ်များကို ရေရှည်တည်တံ့ပြီး သဘာဝပတ်ဝန်းကျင် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေးအတွက် သစ်တောမူဝါဒနှင့်အညီ သစ်တောဥပဒေ၊ နည်းဥပဒေများကို စနစ်တကျပြဋ္ဌာန်းပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ သစ်တောကြိုးဝိုင်းအတွင်းမှာ သစ်တောနယ်မြေ(ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော)များအတွင်း ပြည်တွင်းစစ်ဘေးဒဏ်သင့်နှင့် စစ်ဘေးရှောင်ပြည်သူများအတွက် သစ်တောကြိုးဝိုင်းတွင် ခေတ္တနေထိုင်နိုင်ရန်၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏လမ်းညွှန်ချက်နှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ပြည်တွင်းစစ်ဘေးဒဏ်သင့်နှင့် စစ်ဘေးရှောင်ပြည်သူများ၊ ပဋိပက္ခ

ဘေးရှောင်ပြည်သူများ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာမြှင့်တင်ပေးနိုင်ရန်နှင့် စိတ်ပိုင်းဒဏ်ရာရရှိသူများအတွက်ရည်ရွယ်ပြီး စိတ်လူမှုဆိုင်ရာပံ့ပိုးမှုအဖွဲ့(Mobile Team) များဖွဲ့ပြီး Psychosocial Counselling ပြုလုပ်ပေးခြင်း၊ စစ်ဘေးရှောင်ပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိခိုလှုံနေတဲ့အချိန်အတောအတွင်းမှာ လတ်တလောစားနပ်ရိက္ခာတွေ အဆင်ပြေစေဖို့အတွက် ဆန်၊ ဆီ၊ ဆား၊ ငါးသေတ္တာနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးအပ်ခြင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်အရ ထောက်ပံ့ငွေများပေးအပ်ခြင်းများကိုလည်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့်ကတော့ TNLA ၊ AA ၊ MNDAA ၊ KIA တို့ရဲ့ ပတ်ခတ်မှုကြောင့် မူဆယ်မြို့ပေါ်သို့ ခေတ္တတိုက်ပွဲရှောင်လာတဲ့ ပြည်သူ ၃၇၀၀ ဦးအား ခရိုင်စီမံခန့်ခွဲမှုကော်မတီ၊ ခရိုင်အရေးပေါ်ကာလ စီမံခန့်ခွဲမှုကော်မတီတို့ရဲ့ ဦးဆောင်မှုဖြင့် မူဆယ်မြို့ရှိ ဘုန်းတော်ကြီးကျောင်းများ ခရစ်ယာန်ဘုရားကွင်းတို့တွင် နေချထား၍ စားသောက်နေထိုင်ရေး၊ ကျန်းမာရေးကိစ္စများလစ်ဟာမှုမရှိစေရေး စနစ်တကျစီမံပေးခဲ့ပြီး ဒေသပြန်လည်တည်ငြိမ်အေးချမ်းတဲ့ ၅-၁၂-၂၀၁၆ ရက်နေ့မှာ ၎င်းတို့ရဲ့နေရပ်အသီးသီးသို့ ပြန်လည်နေထိုင်သွားကြပြီးဖြစ်ပါတယ်။ ထို့အပြင် ၁၈-၆-၂၀၁၇ ရက်နေ့မှာ ဖြစ်ပွားခဲ့တဲ့တိုက်ပွဲအခြေအနေများကြောင့် နမ့်ဆန်မြို့နယ်၊ နမ့်လင်းခေးကျေးရွာအုပ်စု၊ မက်လန်းကျေးရွာမှ လားရှိုးမြို့ သာသနာ ၂၅၀၀ ဘုန်းတော်ကြီးကျောင်း၊ အောင်မင်္ဂလာနမ့်ဆန်ဘုန်းတော်ကြီးကျောင်း၊ ခေးနင်းကျေးရွာဘုန်းတော်ကြီးကျောင်းနှင့် နောင်ဖော့ကျေးရွာအုပ်စု၊ လွယ်လွမ့်ရွာ ဘုန်းတော်ကြီးကျောင်းများကို ရောက်ရှိလာတဲ့ တိုက်ပွဲရှောင်ဦးရေဟာ ၄၁၆ ဦးရှိပါတယ်။ ၆-၇-၂၀၁၇ ရက်နေ့မှာ ၎င်းတို့ရဲ့နေရပ်သို့ ပြန်လည်ထွက်ခွာသွားကြပြီဖြစ်ပါတယ်။ လားရှိုးမြို့နယ်အတွင်း တိုက်ပွဲရှောင်ကယ်ဆယ်ရေးစခန်းများကိုလည်း အားလုံးပိတ်သိမ်းပြီဖြစ်ကြောင်း သိရှိရပါတယ်။

အလားတူ နမ္မတူမြို့နယ်အတွင်းမှာ တိုက်ပွဲဖြစ်ပွားမှုကြောင့် ၈-၇-၂၀၁၆ ရက်နေ့ကနေစပြီးတော့ ကယ်ဆယ်ရေးစခန်းငါးခုကို နမ္မတူမြို့နယ်အတွင်းမှာ ဖွင့်လှစ်ထားရှိခဲ့ပါတယ်။ ၁၈-၆-၂၀၁၇ ရက်နေ့အထိ တိုက်ပွဲရှောင်ပြည်သူ ၂၉၈၅ ဦးရောက်ရှိခိုလှုံခဲ့ရာမှာ ကယ်ဆယ်ရေးပစ္စည်းကိုးမျိုး၊ ဆန်ရိက္ခာ၊ ပဲဆီ၊ ငါးသေတ္တာနှင့် မိုးကာလိပ်များကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့ပေးခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါတိုက်ပွဲရှောင်အိမ်ထောင်စုများမှာ ၃၀-၆-၂၀၁၇ ရက်နေ့တွင် ကျန်ရှိသည့်တိုက်ပွဲရှောင်ပြည်သူ ၅၁၅ ဦးအတွက် ဆန်ရိက္ခာနှင့် ပဲဆီ၊

ငါးသေတ္တာများကို ၁၀-၇-၂၀၁၇ ရက်နေ့တွင် ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါစခန်းများသို့ ရောက်ရှိလာတဲ့ ယာယီရွှေ့ပြောင်းပြည်သူများရဲ့ သား/သမီးများ ပညာသင်ကြားမှု အဆင်ပြေစေရေး အတွက်လည်း ပညာရေးဌာနနှင့်ညှိနှိုင်းပြီး နမ္မတူမြို့ပေါ်ရှိ ကျောင်းများမှာ စုစုပေါင်း ကျောင်းသား/ ကျောင်းသူ ၂၉၃ ဦးတို့ကို ကျောင်းအပ်နှံပညာသင်ကြားပေးခဲ့ပါတယ်။ နယ်မြေအခြေအနေ ကောင်းမွန်သွားပြီဖြစ်တဲ့အတွက် ကျောင်းသူ/ကျောင်းသားများ နေရပ်သို့ ပြန်သွားကြပြီဖြစ်ကြောင်း လည်း သိရှိရပြီးတော့ ယခုလက်ရှိမှာ ကျောင်းသား/ကျောင်းသူ ၄၃ ဦးကို ဆက်လက်ပညာသင်ကြား ပေးလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ အထက်ပါ ရှင်းလင်းခဲ့တဲ့အတိုင်း စစ်ဘေးရှောင် IDPs များရဲ့ စားသောက်ရေး၊ နေထိုင်ရေး၊ ကျန်းမာရေး၊ ပညာရေးတို့အတွက် နိုင်ငံတော်ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဆောင်ရွက် ပေးလျက်ရှိသလို သက်ဆိုင်ရာပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် တာဝန်ရှိသူများအနေနဲ့လည်း ရန်ပုံငွေခွင့်ပြုဝင်ဆံ့မှုဘောင်အတွင်းမှသော်လည်း ကောင်း ကုလသမဂ္ဂ(UN)အဖွဲ့အစည်းတွေ၊ NGO နှင့် INGO အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်၍သော်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်မှာ ပြည်တွင်းစစ်ဘေးဒဏ်သင့်နှင့် စစ်ဘေးရှောင်ပြည်သူ များအတွက် သစ်တောကြိုးဝိုင်းအတွင်း ခေတ္တနေထိုင်သူများရဲ့ ရေရှည်အသက်ရှင်ရပ်တည်နိုင်မှု စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာမြှင့်တင်နိုင်မှုနှင့် စစ်ဘေးရှောင်ပြည်သူများရဲ့ လူသားဘဝလုံခြုံရေး တို့အတွက် မြေနေရာရရှိရေး၊ အခြေခံအဆောက်အအုံများဆောက်လုပ်ရေး၊ အိမ်ရာဆောက်လုပ်ရေး၊ လုပ်ကိုင်စားသောက်ရေးတို့ကို နိုင်ငံတော်အစိုးရရဲ့ မူဝါဒများနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပူးပေါင်း၍ ဦးစားပေးအလိုက် စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်နန်းခမ်းအေး(နမ္မတူမဲဆန္ဒနယ်)**။ ။ ဆက်စပ် မေးမြန်းခွင့်ပြုပါရှင်။ အခုလို တခြား သောဝန်ကြီးဌာနတွေကိုယ်စား ပြည်စုံစွာဖြေကြားပေးတဲ့အတွက်ကြောင့် ကျွန်မအထူးပဲ ကျေးဇူးတင်ရှိ ပါတယ်။ ဒါပေမဲ့ ဝန်ကြီးဖြေကြားသွားတဲ့အထဲမှာ ကျွန်မထင်တာက မြေပြင်အခြေအနေနဲ့ နည်းနည်း ကင်းကွာနေပါတယ်။ အခုနက ကျွန်မပြောတဲ့ စစ်ဘေးရှောင်စခန်းမှာ အချင်းချင်း စစ်ဘေးရှောင်တွေ အခမဲ့ပညာသင်ကြားပေးနေရပါတယ်ဆိုတာက မနေ့က ရိုက်ပြီးတော့ ကျွန်မဆီပို့လာတဲ့ပုံဖြစ်ပါတယ်။

ပြီးတော့ ကျွန်မ အခု နမ္မတူမှာဆိုလို့ရှိရင် စစ်ဘေးရှောင်တွေက ၉၀၀ ကျော်ရှိနေပါတယ်။ နယ်မြေအခြေအနေက အဲဒီလိုဖြစ်နေပါတယ်။ ပြီးတော့ ကျွန်မဆိုလို့တာက ပဋိပက္ခဖြစ်လာမှ အနည်းငယ်သောထောက်ပံ့မှုကို ကျွန်မတို့က ပေးတာထက် ရေရှည်ဘယ်သောအခါမှ ကိုယ့်ရဲ့ဒေသကို ပြန်ရမယ်မသိတဲ့သူတွေအတွက် နိုင်ငံတော်အနေနဲ့ မူဝါဒအနေနဲ့ ဘယ်လိုချမှတ်ပြီးတော့ ဆောင်ရွက်နေတယ်ဆိုတာ ကျွန်မမေးသွားတဲ့အပိုင်းမှာ ဒါမပါသေးပါဘူး။ အဲဒါကြောင့် ကျွန်မတို့ ဒီလူတစ်စု၊ လူမျိုးတစ်ခုနဲ့သာ သက်ဆိုင်ခြင်းဟုတ်ဘဲနဲ့ နိုင်ငံတော်တစ်ခုလုံးနဲ့သက်ဆိုင်တာဖြစ်နေတဲ့အတွက်ကြောင့် မူတစ်ခုအနေနဲ့ တကယ်ချမှတ်ဖို့၊ ဆောင်ရွက်ဖို့ လိုနေပါပြီ။ အဲဒါကြောင့် ကျွန်မ မေးခွန်းနှစ်ခု မေးပါမယ်။ ကျွန်မတို့ ဒီ စစ်ဘေးရှောင်ပြည်သူတွေ ဘယ်သောအခါမှ ပြန်ရမယ်မသိတဲ့သူတွေအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနအားလုံးက မိမိတို့သက်ဆိုင်တဲ့ကဏ္ဍအလိုက် မူဝါဒမရေးဆွဲနိုင်ခင်ကြားမှာ ဆက်လက်ပြီးတော့ ဒီ့ထက် မြေပြင်မှာ ကွင်းဆင်းဆောင်ရွက်ပေးခြင်းရှိ/မရှိ ကျွန်မ သိချင်ပါတယ်။ ဘာဖြစ်လို့ ကျွန်မ အဲဒီလို ပြောရသလဲဆိုလို့ရှိရင် အခုနက ထောက်ပံ့မှုပေးနေတယ်ဆိုတဲ့ ပစ္စည်းတွေဟာ အခု မိုးလေဝသကြေညာသလို ကြေညာရမယ်ဆိုရင်တော့ နေရာကွက်ကြားမိုးရွာနေပါတယ်။

နောက်တစ်ခု အခု ကျွန်မတို့ နမ္မတူစခန်းမှာရှိနေတဲ့ စစ်ဘေးရှောင်တွေဟာ ဆင်းရဲပေမဲ့ စေတနာချမ်းသာတဲ့သူတွေရဲ့ ကူညီထောက်ပံ့မှု၊ အရပ်ဘက်အဖွဲ့အစည်းနဲ့ နိုင်ငံတကာထောက်ပံ့မှုတွေကို မြို့နယ်စစ်ဘေးရှောင်ကော်မတီကနေပြီးတော့ စိစစ်ပြီးတော့ တစ်ရက်ကို ဆန်နို့ဆီဗူးတစ်လုံးနဲ့ စီမံခန့်ခွဲနေရတဲ့အဆင့်ဖြစ်နေပါတယ်။ အဲဒီလို လူသားချင်းစာနာထောက်ထားမှုအရနဲ့ ကူညီပံ့ပိုးတဲ့သူတွေဟာ ကျွန်မနောက်ထပ်မေးမယ့်မေးခွန်းတစ်ခုက လမ်းခရီးမှာ သွားရောက်ပြီးတော့ စစ်ဘေးဒုက္ခသည်စခန်းအတွက် လူသားချင်းစာနာထောက်ထားမှုနဲ့ သွားရောက်ပြီးတော့ ကူညီပံ့ပိုးမယ့်သူဟာ လမ်းခရီးမှာ လက်နက်ကိုင်တွေကို ဖြတ်သန်းရမယ်။ အမှတ်မထင် ဆုံတွေ့တာတွေ ရှိနိုင်ပါတယ်။ အဲဒီလိုအခြေအနေမှာ အပြစ်မဲ့ပြည်သူတွေအပေါ် စစ်ဆေးမေးမြန်းခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်း၊ အရေးယူအပြစ်ပေးခြင်းမျိုးတွေမဖြစ်ပေါ်အောင် ဘယ်လိုဆောင်ရွက်ပေးမလဲဆိုတာ ဆက်လက်မေးမြန်းလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးသွားတဲ့ နံပါတ်(၁)အချက်ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ပေးဖို့ဆိုတာတော့ ကျွန်တော်တို့ အမိက ဦးဆောင်လုပ်နေတာ

တော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဦးဆောင်လုပ်နေပါတယ်ခင်ဗျား။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်လုပ်ပြီးတော့ ဒီမှာရှိတဲ့ စစ်ဘေးရှောင်စခန်းတွေကိုလည်း သွားရောက်ထောက်ပံ့မှုတွေ ပြုလုပ်လျက်ရှိကြောင်းကိုလည်း ကျွန်တော်တို့ သိရပါတယ်ခင်ဗျား။ ရံဖန်ရံခါလိုအပ်လို့ရှိရင် ကျွန်တော်တို့နယ်စပ်ရေးရာဝန်ကြီးဌာနကလည်း ဝင်ရောက်ပြီးတော့ ကူညီပံ့ပိုးမှုတွေ ပြုလုပ်ပေးလျက်ရှိပါတယ်ခင်ဗျား။ ပြုလုပ်ပေးတယ်ဆိုတာက နောင်အခါ ရေရှည်ကျတဲ့အချိန်မှာ စောစောက ကျွန်တော်တင်ပြသွားတဲ့အထဲမှာပါသလိုပဲ WFB ကလည်း ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်လေ့ ရှိသလိုရံဖန်ရံခါလည်း သွားရောက်ထောက်ပံ့ပေးလျက်ရှိကြောင်း ကျွန်တော့်အနေနဲ့ ဖြေကြားအပ်ပါတယ်ခင်ဗျား။ ဒီဥစ္စာကလည်း ကျွန်တော်တို့ ဝန်ကြီးဌာနတစ်ခုတည်းနဲ့ လုပ်လို့မရပါဘူး။ လုပ်လို့မရဘဲနဲ့ ဝန်ကြီးဌာနအားလုံးပေါင်းစပ်ပြီးမှ၊ ညှိနှိုင်းပြီးမှ ဆောင်ရွက်တဲ့ကိစ္စဖြစ်တဲ့အတွက် ဝန်ကြီးဌာနအားလုံးနဲ့ ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ ပထမအချက်ကို ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

နောက်ဒုတိယအချက်ကတော့ ဒီမှာ စစ်ဘေးရှောင်ပြည်သူတွေ ပြန်တဲ့အချိန်မှာ စစ်ဆေးမေးမြန်းမှုတွေ လုပ်လို့ရှိရင် ဘယ်လိုဖြစ်မလဲဆိုတဲ့ဟာကတော့ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ကျွန်တော်တို့ ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ကျွန်တော့်အနေနဲ့ ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းဖြေကြားပြီးတဲ့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မယ်ဟန်-မိုင်းရယ်ကားလမ်းပိုင်းရှိ ပျက်စီးနေသော ကားလမ်းအပိုင်းအဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် လုပ်ငန်းလျာထားချက်တွင်မည်သည့်အတွက် ရန်ပုံငွေလျာထားဆောင်ရွက်ပေးခဲ့ခြင်းမရှိသည်ကိုသိလိုခြင်း၊ လမ်း၊ တံတားလုပ်ငန်းများအတွက် ရန်ပုံငွေလျာထားရာတွင် မည်သည့်မူဝါဒဖြင့် မည်ကဲ့သို့ရန်ပုံငွေခွဲဝေလျာထားသည်ကို သိလိုခြင်း၊ မယ်ဟန်-မိုင်းရယ်ကားလမ်းအပိုင်းတွင် လမ်းအဆင့်မြှင့်တင်တိုးချဲ့ပေးရန်ကျန်ရှိနေသော လမ်းပိုင်းအချို့အား မည်သည့်ကာလတွင် အပြီးဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော် ဖြစ်ပါတယ်။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးနဲ့မိုင်းရယ် ဆက်သွယ်ထားတဲ့ ၁၂ ပေအကျယ်ရှိတဲ့ မယ်ဟန်-မိုင်းရယ်မော်တော်ကားလမ်းအပိုင်းကို ၁၈ ပေ အကျယ်ကတ္တရာလမ်းနဲ့ပတ်သက်ပြီးတော့ အဆင့်မြှင့်တင်ဆောင်ရွက်ပေးဖို့ ဆောင်ရွက်ပေးနိုင်မယ့် အခြေအနေကိုသိရှိလိုပါကြောင်း ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ တင်ပြမေးမြန်းခဲ့ပါတယ်။ မေးမြန်းချက်နဲ့စပ်လျဉ်းပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ပြန်လည်ဖြေကြားရာမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ လားရှိုး-မယ်ဟန်-မိုင်းရယ်-ကျေးသီး ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွက် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၂၉၀.၆၂၅ သန်းဖြင့် ၁၈ ပေအကျယ် ကတ္တရာလမ်းခင်းခြင်း ၇ မိုင် ၄ ဖာလုံကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း၊ ပျက်စီးနေတဲ့လမ်းအပိုင်းကို အထူးပြင်ဆင်ထိန်သိမ်းခြင်းရန်ပုံငွေနဲ့ ပြင်ဆင်ထိန်းသိမ်း ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ ကျန်ရှိတဲ့ ၇၁ မိုင် ၁ ဖာလုံကိုတော့ ငါးနှစ်စီမံကိန်းမှာ ထည့်သွင်းရေးဆွဲဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းမယ့် မယ်ဟန်-မိုင်းရယ်ကားလမ်းအပိုင်းဟာ လူစီးယာဉ်၊ ကုန်တင်ယာဉ်များနဲ့ နေ့စဉ် အစီး ၃၅၀ ခန့် အများအပြားဖြတ်သန်းသွားလာအသုံးပြုနေရတဲ့အတွက် ၁၈ ပေအကျယ် ကားလမ်းဖြင့်အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိနေပါတယ်။ အချို့ လမ်းအပိုင်းတွေမှာ ကျဉ်းမြောင်းပြီးတော့ ယာဉ်တစ်စီးနဲ့တစ်စီး တိမ်းရှောင်ရန်ခက်ခဲပြီးတော့ ယာဉ် မတော်တဆမှုတွေဖြစ်ပေါ်ခြင်းတွေရှိတဲ့အတွက်ကြောင့် အမြန်ပြုပြင်ဆောင်ရွက်ပေးဖို့ တောင်းဆို ရခြင်းဖြစ်ပါတယ်။ အမှန်တကယ်လိုအပ်နေတဲ့ အခုတင်ပြတဲ့လမ်းအပိုင်းကို တိုးချဲ့ဆောင်ရွက်ပေးဖို့ အကြိမ်ကြိမ်တင်ပြခဲ့သော်လည်းပဲ ရန်ပုံငွေအနည်းအကျဉ်းသာချထားပေးတဲ့အတွက် ကောင်းမွန်တဲ့ လမ်းတစ်ခုရရှိဖို့ နှစ်ချီစောင့်ဆိုင်းနေရတဲ့အပေါ် ပြည်သူလူထုတွေက စိတ်ပျက်နေကြကြောင်းသိရှိရ ပါတယ်။ ဒါ့ကြောင့်မို့လို့ မယ်ဟန်-မိုင်းရယ်ကားလမ်းအပိုင်းကို ပြုပြင်ခြင်းလုပ်ငန်းတွေကို ငါးနှစ်စီမံကိန်း မှာထည့်သွင်းပြီးတော့ နှစ်အလိုက်ဆောင်ရွက်ပေးမယ့် အစီအစဉ်ကို ပြန်လည်သုံးသပ်ပြီး လာမယ့်

ဘဏ္ဍာရေးနှစ်အတွင်းမှာ အပြီးဆောင်ရွက်ပေးနိုင်ဖို့အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဦးစားပေးပြီးတော့ ဘဏ္ဍာရန်ပုံငွေများကို လုံလောက်စွာခွဲဝေချထားပေးနိုင်ဖို့ ဘတ်ဂျက်ရေးဆွဲအတည်ပြုခြင်းမဆောင်ရွက်ခင်မှာ ရှမ်းပြည်နယ်အစိုးရ ပြည်နယ်ဝန်ကြီးချုပ်ကနေတစ်ဆင့် တင်ပြခဲ့ပါတယ်။ ဒါပေမဲ့လည်း ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းပြီးဖြစ်တဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းမှာ ကျွန်တော်မေးမြန်းတင်ပြတဲ့လမ်းအပိုင်းနဲ့ပတ်သက်ပြီးတော့ ရန်ပုံငွေများခွဲဝေလျာထားတာကို မတွေ့ရှိရတဲ့အတွက် အခု လွှတ်တော်မှာထပ်မံတင်ပြမေးမြန်းရခြင်းဖြစ်ပါတယ်။ မေးမြန်းလိုတဲ့မေးခွန်းတွေကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မယ်ဟန်-မိုင်းရယ်ကားလမ်းအပိုင်းရှိ ပျက်စီးနေတဲ့ ကားလမ်းအပိုင်းတွေ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများကို ငါးနှစ်စီမံကိန်းမှာ ထည့်သွင်းရေးဆွဲတင်ပြပေးမယ်လို့ ပြည်ထောင်စုဝန်ကြီးက လွှတ်တော်မှာ ဖြေကြားခဲ့သော်လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ လုပ်ငန်းလျာထားချက်မှာမပါရှိတဲ့အတွက် အဘယ်ကြောင့်ရန်ပုံငွေများ လျာထားဆောင်ရွက်ပေးခဲ့ခြင်းမရှိတာကို သိရှိလိုပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရတဲ့ လမ်း၊ တံတားလုပ်ငန်းတွေအတွက် ရန်ပုံငွေခွဲဝေလျာထားတဲ့နေရာမှာ ဒေသအလိုက် လိုအပ်ချက်အပေါ်မူတည်ပြီးတော့ မျှတစွာရန်ပုံငွေခွဲဝေလျာထားတာကို မတွေ့ရတဲ့အတွက်ကြောင့်မို့လို့ ဘယ်လိုမူဝါဒတွေနဲ့ ဘယ်လိုရန်ပုံငွေခွဲဝေချထားတယ်ဆိုတာကို သိရှိလိုပါတယ်။ နောက်ဆုံးအနေနဲ့ မယ်ဟန်-မိုင်းရယ်ကားလမ်းအပိုင်းမှာ အမှန်တကယ် လမ်းအဆင့်မြှင့်တင်တိုးချဲ့ပေးရန် ကျန်ရှိနေတဲ့လမ်းအပိုင်းအချို့အား ဘယ်ကာလမှာ အပြီးဆောင်ရွက်ပေးမယ်ဆိုတာကို သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းလိုက်ရပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်မှ မေးမြန်းထားတဲ့ (က) ရှမ်းပြည်နယ်

(မြောက်ပိုင်း)၊ မယ်ဟန်-မိုင်းရယ်ကားလမ်းပိုင်းရှိ ပျက်စီးနေသောကားလမ်းအပိုင်းများ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများကို ငါးနှစ်စီမံကိန်းတွင် ထည့်သွင်းရေးဆွဲဆောင်ရွက်ပေးမည်ဟု ပြည်ထောင်စုဝန်ကြီးက လွှတ်တော်တွင် ဖြေကြားခဲ့သော်လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ လုပ်ငန်းလျာထားချက်တွင် မည်သည့်အတွက် ရန်ပုံငွေလျာထား ဆောင်ရွက်ပေးခဲ့ခြင်းမရှိသည်ကိုသိရှိလိုခြင်း၊ (ခ) ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရသောလမ်း၊ တံတားလုပ်ငန်းများအတွက် ရန်ပုံငွေလျာထားရာတွင် ဒေသအလိုက်လိုအပ်ချက်အပေါ်မူတည်၍ မျှတစွာရန်ပုံငွေခွဲဝေလျာထားခြင်းမရှိပါသဖြင့် မည်သည့်မူဝါဒဖြင့် မည်ကဲ့သို့ရန်ပုံငွေ ခွဲဝေလျာထားသည်ကိုသိရှိလိုခြင်းနှင့် (ဂ) မယ်ဟန်-မိုင်းရယ်ကားလမ်းအပိုင်းတွင် အမှန်တကယ်လမ်းအဆင့်မြှင့်တင်တိုးချဲ့ပေးရန် ကျန်ရှိနေသော လမ်းအပိုင်းအချို့အား မည်သည့်ကာလတွင် အပြီးဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းတို့နှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့်ရှင်းလင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မယ်ဟန်-မိုင်းရယ်-ကျေးသီးလမ်းဟာ ပြည်နယ်အစိုးရမှ စီမံခန့်ခွဲလျက်ရှိသော လမ်းဖြစ်ပြီးတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် (တောင်ပိုင်း)ကို ဆက်သွယ်ထားတဲ့ အရေးကြီးတဲ့လမ်းတစ်လမ်း ဖြစ်ပါတယ်။ လားရှိုးမြို့အဝင် မိုင်တိုင်(၀/၀) မယ်ဟန်ကျေးရွာမှ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် (တောင်ပိုင်း)နယ်စပ် နမ့်လောင်းကျေးရွာအထိ လမ်းအရှည် ၇၁ မိုင်ရှိသည့်အနက် ၁၈ ပေအကျယ် ကတ္တရာလမ်း ၁၉ မိုင် ၇ ဖာလုံရှိပြီးတော့ ကျန် ၅၁ မိုင် ၁ ဖာလုံမှာ ၁၂ ပေ အကျယ် ကတ္တရာလမ်းများ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်ရဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ မေးမြန်းခဲ့တဲ့ကြယ်ပွင့်မပြမေးခွန်းအား မယ်ဟန်-မိုင်းရယ်-ကျေးသီးလမ်းသည် ပြည်နယ်အစိုးရမှ စီမံခန့်ခွဲသော လမ်းဖြစ်သည့်အလျောက် ငါးနှစ်စီမံကိန်းတွင် ထည့်သွင်းလျာထားပြီး ပြည်နယ်ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ်မူတည်၍ နှစ်အလိုက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းဖြေကြားခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုဝန်ကြီးမှ အထက်ပါအတိုင်း ကတိပေးထားသော်လည်းပဲ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှာမပါရှိရခြင်းမှာ အဆိုပါလမ်းသည် ပြည်နယ်အစိုးရမှစီမံခန့်ခွဲတဲ့လမ်းဖြစ်တဲ့အတွက် ပြည်ထောင်စုရန်ပုံငွေမှာ မပါရှိခြင်းသာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရရဲ့ ရန်ပုံငွေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ အဆိုပါ မယ်ဟန်-မိုင်းရယ်-

ကျေးသီးလမ်းအတွက် ရန်ပုံငွေ ၁၄၇၆.၆၆ သန်း ရရှိပြီးဖြစ်ပါတယ်။ အဓိက ရှင်းလင်းတင်ပြလိုတာကတော့ ပြည်ထောင်စုဝန်ကြီးမှ ကတိပေးဖြေကြားခဲ့တဲ့အတွက် ပြည်နယ်မှစီမံခန့်ခွဲသောလမ်းဖြစ်၍ ပြည်နယ်ရန်ပုံငွေအဖြစ်ထည့်သွင်းခဲ့ခြင်း ဖြစ်ပါတယ်။

အဆိုပါ မယ်ဟန်-မိုင်းရယ်-ကျေးသီးလမ်းအား ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် အောက်ပါအတိုင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မယ်ဟန်-မိုင်းရယ်-ကျေးသီးလမ်းမှာ နေ့စဉ်ယာဉ်ဖြတ်သန်းမှုစာရင်းမှာ ၃၅၀ စင်းဖြစ်ပြီးတော့ မယ်ဟန်-မိုင်းရယ်အထိ လက်ရှိ ၁၂ ပေအကျယ် ကတ္တရာလမ်းမှ ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ်ဆောင်ရွက်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရက စီမံခန့်ခွဲသောလမ်းဖြစ်သဖြင့် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၄၇၆.၆၆ သန်းဖြင့် ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း ၆ မိုင်၊ မြေသားတာဘောင်ချဲ့ခြင်း ၁ မိုင် ၄ ဖာလုံနဲ့ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၂ မိုင် ၅ ဖာလုံတို့ကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျန်ရှိသော ၁၂ ပေအကျယ် ကတ္တရာလမ်းကိုလည်း ပြုပြင်ထိန်းသိမ်းရင်း ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် နှစ်စဉ်တိုးတက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရတဲ့လမ်း၊ တံတားလုပ်ငန်းများအတွက် ရန်ပုံငွေခွဲဝေလျာထားရာတွင် မူဝါဒများချမှတ်ပြီးတော့၊ ဒေသအလိုက်လိုအပ်ချက်ပေါ်မူတည်ပြီးတော့ မျှတစွာရန်ပုံငွေခွဲဝေချထားလျက်ရှိပါတယ်။ ဒေသအားလုံးတစ်ပြေးညီတိုးတက်စေရန်နှင့် ဒေသခံပြည်သူတို့ရဲ့ပညာရေး၊ ကျန်းမာရေး အစရှိသော လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် မိုးရာသီကာလသွားလာခြင်းမပြုနိုင်တဲ့ မြေသားလမ်းများအား ရာသီမရွေးသွားလာနိုင်သော အမာခံလမ်း၊ ကျောက်လမ်းအဖြစ်သို့လည်းကောင်း၊ ဒေသထွက်ကုန်များ လျင်မြန်ချောမွေ့စွာသယ်ယူပို့ဆောင်နိုင်ရန်အတွက် အမာခံလမ်းကျောက်လမ်းများအား နှစ်အလိုက်ကတ္တရာလမ်းအဆင့်သို့လည်းကောင်း၊ ဦးစားပေးအစီအစဉ်များဖြင့် အောက်ပါအတိုင်း ရန်ပုံငွေများကို ခွဲဝေချထားလျက်ရှိပါတယ်ခင်ဗျား-

(၁) လွှတ်တော်အသီးသီးရဲ့ ကတိကဝတ်များ၊

(၂) နိုင်ငံတော်၏ လိုအပ်ချက်အရ ဆောင်ရွက်ရန်လမ်း/တံတားများ၊

(၃) ပုံမှန်ဆောင်ရွက်ရန်ရှိသော လမ်းလုပ်ငန်းများ အစရှိသည်ဖြင့် ဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မယ်ဟန်-မိုင်းရယ်လမ်းအပိုင်းမှာ ကျန်ရှိတဲ့ ၁၂ ပေအကျယ် ကတ္တရာလမ်းမှ ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် ၂၈ မိုင် ၁ ဖာလုံကျန်ရှိနေပါသဖြင့် ၎င်းကျန်ရှိလမ်းပိုင်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ၉ မိုင် ၁ ဖာလုံ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ၉ မိုင်၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ၁၀ မိုင် အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်နယ်ရန်ပုံငွေဖြင့် လျာထားတင်ပြတောင်းခံသွားမှာဖြစ်ပြီး အထက်ပါလုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ရတနာပုံ စီလီကွန်စီမံကိန်းမြေအဖြစ် သိမ်းဆည်းထားသော ဧကတစ်သောင်းအား ရည်မှန်းထားသည့် နိုင်ငံတော်စီမံကိန်းများကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် အသုံးပြုရန်မလိုသော ကျန်မြေဧကများကို ဒေသခံတောင်သူများအား စိုက်ပျိုးလုပ်ကိုင်ခွင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာအောင်ခင်(ပြင်ဦးလွင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင်ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ပြင်ဦးလွင်မဲဆန္ဒနယ်မှာ ရတနာပုံစီလီကွန်စီမံကိန်းမြေအဖြစ် ဧကတစ်သောင်း သိမ်းဆည်းထားသော်လည်း စီမံကိန်းအကောင်အထည်ဖော်မှုမှာ ဆယ်စုနှစ်ခန့်တိုင်အောင် သိမ်းဆည်းမြေ၏ အသုံးပြုဧက ၂၀ ရာခိုင်နှုန်းပင် မရှိသေးကြောင်းတွေ့ရ၍ (၁) ရည်မှန်းထားသော နိုင်ငံတော်စီမံကိန်းကို အနည်းဆုံးလိုအပ်သော မြေပမာဏ မြေဧကဖြင့် နိုင်ငံအကျိုးဖြစ်ထွန်းရေး အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် ၊ (၂) အသုံးပြုရန်မလိုသော ကျန်မြေဧကများကိုလည်း ကျေးလက်ဖွံ့ဖြိုးရေးအတွက် ဒေသခံတောင်သူများအား စိုက်ပျိုးလုပ်ကိုင်ခွင့်ပေး၍ အမြန်ဆုံးအကျိုးရှိရှိအသုံးချဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ မေးမြန်းမှာဖြစ်ပါတယ်။ အကျိုးအကြောင်းဖော်ပြချက်အနေနဲ့တော့ ၂၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူတွေ အလုပ်အကိုင်ရရှိရေးဟာ လယ်ယာမြေစိုက်ပျိုးလုပ်ကိုင်ဖို့ပဲ ဖြစ်ပါတယ်။ အဲဒီတော့ နိုင်ငံတော်အကျိုးငှာ အခြေခံအဆောက်အအုံစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာမှာ မြေလွတ်၊ မြေရိုင်း၊ မြေလပ်များထဲမှ လိုအပ်သော အနည်းဆုံးမြေဧကကို ပြန်လည်ရယူပိုင်ခွင့်ရှိသည်ဟုလည်းကောင်း၊ ကြိုးဝိုင်းတောနှင့် ကြိုးပြင်ကာကွယ်တောများဖြစ်သည့် သစ်တောနယ်မြေများကို ထိခိုက်ပျက်စီးမှုမရှိစေရေးနှင့် သဘာဝနယ်မြေ ရေဝေရေလဲဒေသများမှ သဘာဝအင်းအိုင်များကို

ထိန်းသိမ်းနိုင်ရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရမည်ဟု လည်းကောင်း ၃၀-၃-၂၀၁၂ ရက်နေ့တွင်ပြဌာန်းခဲ့သည့် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၀)တွင် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေမှာ တွေ့ရပါတယ်။ ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့မှာပဲ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၁)မှာ လယ်ယာမြေ ဥပဒေတွင်လည်း နိုင်ငံတော်အကျိုးဖြစ်ထွန်းသည့်စီမံကိန်းများအတွက် လယ်ယာမြေကို သိမ်းဆည်းယူရာတွင် အနည်းဆုံးလိုအပ်သောပမာဏကိုသာ သိမ်းယူရမည်။ စီမံကိန်းအား သတ်မှတ်ကာလ အတွင်း အမြန်ဆုံးပြီးစီးရေးအတွက် အကောင်အထည်ဖော်ရမည်ဖြစ်ပြီး စီမံကိန်းဆောင်ရွက်ခြင်း မပြုလုပ်ပါက မူလလယ်ယာလုပ်ပိုင်ခွင့်ရရှိထားသော ပုဂ္ဂလိကအဖွဲ့အစည်းများထံ ပြန်လည်ပေးအပ် ရမည်ဟု ပြဌာန်းထားပါတယ်။ ပြင်ဦးလွင်မြို့နယ်မှာ ရတနာပုံစီလီကွန် စီမံကိန်းမြေအဖြစ် ဧက တစ်သောင်းသိမ်းဆည်းထားသော်လည်း စီမံကိန်းအကောင်အထည်ဖော်မှုမှာ ၂၀ ရာခိုင်နှုန်းပင် မရှိသေးကြောင်း တွေ့ရပါတယ်။ ထိုကဲ့သို့ သိမ်းဆည်းထားသော်လည်း စီမံကိန်းနှင့် ကာလကြာရှည် အသုံးမပြုဘဲ တာဝန်ရှိသူမှ ထိန်းသိမ်းမှုအားနည်းခြင်းတို့ကြောင့် သဘာဝသစ်တော၊ ထင်းရှူးတော များ ပြုန်းတီးနေပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၃ ခုနှစ်၊ မေလ ၁၇ ရက်နေ့မှာလည်း လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေကို ပြင်ဆင်သည့်ဥပဒေအတွက် အမိန့်ကြော်ငြာစာအမှတ်(၅/၂၀၁၃)အရ စိုက်ပျိုးမြေမှာပါဝင်နေပါက တရားမဝင်လုပ်ပိုင်ခွင့်ရရှိခြင်းမရှိသည့်တိုင် နစ်နာမှုမရှိစေရန် ယင်းတို့၏ဆန္ဒအပေါ် ညှိနှိုင်းဆောင် ရွက်ရမည်ဟု ဆိုထားပါတယ်။ ထို့ကြောင့် နစ်နာသောတောင်သူများအား စဉ်းစားပေးရန် လိုအပ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၁)အရပြောရသော် လယ်မဲ့ ယာမဲ့များဖြစ်ပြီး အရင်းအနှီးချို့တဲ့သည့် လယ်ယာလုပ်သားများ စိုက်ပျိုးရေးလုပ်ကိုင်ခွင့်ရရှိအောင် လယ်ယာမြေချို့တဲ့သူများအား စိုက်ပျိုးရေးလုပ်ငန်းကို အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်သူများကို ဦးစားပေးလုပ်ပိုင်ခွင့်ပြုခြင်းဖြင့် လယ်ယာမြေများအမှန်တကယ် စိုက်ပျိုးနိုင်သည့် အခြေအနေများရရှိရင် ဒေသဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ၃၇ အရ လည်း နိုင်ငံတော်သည် နိုင်ငံတော်အတွင်း မြေအားလုံးစာရင်းရဲ့စာရင်းပိုင်ရှင် ဖြစ်တယ်လို့ဆိုထား ပါတယ်။ နိုင်ငံတော်စီမံကိန်းများ ခန့်ခွဲဆောင်ရွက်ရာမှာ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ မရှိမဖြစ် လိုအပ်နေသလို တောင်သူလယ်သမားများအတွက်လည်း မြေဟာအဓိကကျပါတယ်။ အစိုးရရဲ့မူဝါဒ အပေါ်မှာ မူတည်ပြီးတော့ အကောင်းအဆိုး အမျိုးမျိုးပြောင်းလဲနေပါတယ်။ ဒါကြောင့်မို့လို့

မြန်မာနိုင်ငံမှာ လုပ်ကွက်မယ့်တောင်သူလယ်သမားတွေကို နှင်ထုတ်ပြီးတော့ စီမံကိန်းစိုက်ခင်းကြီးများကို အစားထိုးဆောင်ရွက်နေခြင်းဟာလည်း တကယ်တော့ ကောင်းတဲ့အလားအလာပါပဲ။ ဒါကြောင့်မို့လို့ ဒါတွေကို အာရုံစိုက်သင့်ပါတယ်။ ထို့ကြောင့် ကျွန်တော့်အနေနဲ့ ရတနာပုံမြေဧက တစ်သောင်းကို အမြန်ဆုံးအကျိုးရှိရှိ ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင်၏ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမအကြိမ်အစည်းအဝေးတွင် မေးမြန်းထားသည့် ရတနာပုံစီလီကွန်စီမံကိန်းမြေအဖြစ် ဧက ၁၀၀၀၀ သိမ်းဆည်းထားသော်လည်း စီမံကိန်းအကောင်အထည်ဖော်မှုမှာ ဆယ်စုနှစ်ခန့်တိုင်အောင် သိမ်းဆည်းမြေ၏ အသုံးပြုဧက ၂၀ ရာခိုင်နှုန်း ပင်မရှိသေးကြောင်းတွေ့ရှိ၍ (၁) ရည်မှန်းထားသော နိုင်ငံတော်စီမံကိန်းများကို အနည်းဆုံးလိုအပ်သော ပမာဏ(မြေဧက)ဖြင့် နိုင်ငံအကျိုးဖြစ်ထွန်းရေး အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန်၊ (၂) အသုံးပြုရန်မလိုသော ကျန်မြေဧကများကိုလည်း ကျေးလက်ဖွံ့ဖြိုးရေးအတွက် ဒေသခံတောင်သူများအား စိုက်ပျိုးလုပ်ကိုင်ခွင့်ပေး၍ အမြန်ဆုံးအကျိုးရှိရှိ အသုံးချဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့်ရှင်းလင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်စီမံကိန်းကို မြန်မာနိုင်ငံ၏နည်းပညာဗဟိုအချက်အခြာတစ်ခုဖြစ်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ကာ လူမှုဘဝဖွံ့ဖြိုးတိုးတက်၍ နိုင်ငံတကာအဆင့်မီ IT နည်းပညာဗဟိုတစ်ခုဖြစ်ပေါ်စေရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ရုံးရဲ့ ၂-၈-၂၀၀၆ ညွှန်ကြားချက်အရ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရတနာပုံမြို့သစ်ဧရိယာအတွင်းမှာရှိတဲ့ မြေနေရာ

များအား လ/န(၃၉)လျှောက်ထားခဲ့ပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ မြေသိမ်းအမိန့်ထုတ်ပြန်၍ ပြင်ဦးလွင်ခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြေသိမ်းဆောင်ရွက်ခဲ့ပါတယ်။ မြေသိမ်းဆောင်ရွက်ခဲ့တဲ့ ဧက ၁၀၀၀၀ မှာ ရတနာပုံမြို့သစ် လ/န(၃၉)ကျပြီး ၆၆၂ ဧက၊ သစ်တောကြိုးဝိုင်းမြေ ၆၈၃၄ ဧက၊ တောရိုင်းမြေ ၂၂၀၇ ဧက၊ စိုက်ပျိုးမြေ ၂၉၇ ဧက ပါဝင်ပါတယ်။ မြေသိမ်းလျော်ကြေးကျသင့်ငွေများကို မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှကျခံ၍ ပြင်ဦးလွင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် လျော်ကြေးငွေများ ထုတ်ပေးခဲ့ပါတယ်။ စိုက်ပျိုးမြေ ၂၉၇ ဧကအတွက် လျော်ကြေးကျပ် ၁၅၂.၂ သိန်းနှင့် သီးနှံနှင့် အဆောက်အဦလျော်ကြေးငွေ ၁၇၁၉.၈၆၆ သိန်းဖြစ်၍ စုစုပေါင်းလျော်ကြေးငွေမှာ ကျပ် ၁၈၇၂.၀၆၆ သိန်းလျော်ကြေးဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်မှာ ရတနာပုံမြို့သစ်စီမံကိန်း မြေဧရိယာဧက ၁၀၀၀၀ ကို ပြည်ထဲရေးဝန်ကြီးဌာနမှ မြေသိမ်းမိန့် (၃)စောင်ထုတ်ပြန်၍ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ အမည်ပေါက်လွှဲပြောင်းပေးအပ်ခဲ့ပြီး ဧက ၁၀၀၀၀ အနက် ဧရိယာ ၁၀၇ ဧကအား အကျဉ်းဦးစီးဌာန ၂၄ မိုင်ကျောက်ထုတ်စခန်းမြေအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့ပါသဖြင့် ဧရိယာ ၉၈၉၃ ဧက ကျန်ရှိပါတယ်။ ၎င်းဧရိယာထဲက ၆၆၂ ဧကအား မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ရတနာပုံမြို့သစ်အိမ်ရာစီမံကိန်းဆောင်ရွက်ခဲ့ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၆ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်က ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာများဖြင့် ရတနာပုံမြို့သစ်တည်ဆောက်ရေးစီမံကိန်း ကြီးကြပ်မှုကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းခဲ့ပြီးတော့ ရတနာပုံမြို့သစ်စီမံကိန်းမြေဧရိယာ ၉၈၉၃ ဧကကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ပိုင်ဆိုင်စီမံခန့်ခွဲသောမြေအဖြစ် သတ်မှတ်ခွင့်ပြုပေးခဲ့ပါတယ်။ ၂၀၀၆ ခုနှစ် မတ်လမှစတင်ပြီး အဆိုပြုစီမံကိန်း(Master Plan)ပုံစံကို ရေးဆွဲပြီးတော့ စီမံကိန်းကို အဆင့်(၃)ဆင့်ဖြင့် ဆောင်ရွက်သွားရန် စီမံခဲ့ခြင်းဖြစ်ပါတယ်။ စီမံကိန်းအဆင့်(၁)မှာ ဧရိယာ ၂၂၀၀ ဧကရှိပြီးတော့ Software ရေးဆွဲထုတ်လုပ်တဲ့စက်ရုံများ၊ Factory Complex စိမ်းလန်းမြေနှင့် ဝန်ဆောင်မှုဧရိယာများ၊ ICT နည်းပညာများ စဉ်ဆက်မပြတ်တိုးတက်ဖွံ့ဖြိုးစေရန်အတွက် နည်းပညာသင်တန်းကျောင်းများပါဝင်သည့် ICT Main Complex အိမ်ရာစီမံကိန်းနှင့် ဝန်ထမ်းအိမ်ရာများ၊ နေ့ကလေးထိန်းကျောင်း၊ အားကစားကွင်းနှင့် စားသောက်ဆိုင်များအများဆုံးဝန်ဆောင်မှုများပါဝင်သည့် တောင်ပိုင်းအိမ်ရာစီမံကိန်းစသည့် မြေအသုံးပြုမှုများဖြင့် ဖွဲ့စည်းပါဝင်ပါတယ်။

စီမံကိန်းအဆင့်(၂)မှာ ဧရိယာ ၂၉၁၉ ဧကရှိပြီး အဆိုပြုပုံစံမှာ လူနေဇုန်၊ အုပ်ချုပ်မှုဇုန်၊ ဝန်ဆောင်မှုဇုန်၊ စီးပွားရေးဇုန်၊ အသေးစားအလတ်စားစက်မှုလက်မှုဇုန်၊ စက်မှုဇုန်နှင့် စိုက်ပျိုးရေးကို အခြေခံတဲ့ စီးပွားရေးဇုန်တို့ ပါဝင်ပါတယ်။ စီမံကိန်းအဆင့်(၃)မှာတော့ ဧရိယာ ၄၇၇၄ ဧကရှိပြီးတော့ တန်ဖိုးနည်းအိမ်ရာ၊ တန်ဖိုးသင့်အိမ်ရာ၊ တန်ဖိုးမြင့်အိမ်ရာ၊ ဟိုတယ်ဇုန်၊ နိုင်ငံတကာအဆင့်မီ အားကစားကွင်း၊ သီးနှံစိုက်ပျိုးရေးဇုန်၊ ဝန်ဆောင်မှုဇုန်၊ အုပ်ချုပ်မှုဇုန်၊ ဌာနဆိုင်ရာရုံးများနှင့် ဂေါက်ကွင်းဧရိယာတို့ ပါဝင်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ စီမံကိန်းကို ဆောင်ရွက်မည်ဆိုပါက မြို့ပြဖွံ့ဖြိုးမှုပုံစံ (Urban Development)လုပ်နိုင်သောနေရာနှင့် မလုပ်နိုင်သောနေရာများကို ပြန်လည်ဆန်းစစ်ရမှာ ဖြစ်ပြီးတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဒေသရဲ့လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားသွားမှာ ဖြစ်ပါတယ်။ အနာဂတ်အတွက် အဆိုပြုမြို့ပြဖွံ့ဖြိုးမှုသာမက စိုက်ပျိုးရေးကိုအခြေပြုတဲ့ အထူးဇုန် အဖြစ် ဖွံ့ဖြိုးမှုစီမံကိန်းပုံစံ(Proposal Future Development Plan)ကို ပြည်တွင်းရင်းနှီးမြှုပ်နှံသူ များသာမက ပြည်ပရင်းနှီးမြှုပ်နှံမှုများကိုပါ ဖိတ်ခေါ်၍ ပွင့်လင်းမြင်သာစွာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ Development Plan ရေးဆွဲခြင်းကို သုံးလမှ ခြောက်လအတွင်း ဆောင်ရွက်ခြင်း၊ အတည်ပြုခြင်းကို ခြောက်လမှ တစ်နှစ်နှင့် အကောင်အထည်ဖော်ခြင်းကို ငါးနှစ်၊ ၁၀ နှစ်မှ ၁၅ နှစ်စီမံကိန်းများဖြင့် ဆောင်ရွက်ခြင်းတို့ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ဖြင့် ပူးပေါင်း၍ ပုဂ္ဂလိကမှပါဝင်မှု၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် ရည်ရွယ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စီမံကိန်းဧရိယာ ဧကများပြားတဲ့အတွက် တစ်ပြိုင်နက် ဆောင်ရွက်ရန် အခက်အခဲရှိပါသဖြင့် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ၆-၄-၂၀၁၇ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၆/၂၀၁၇)ရဲ့ သဘောတူညီချက်အရ ရတနာပုံမြို့သစ်တည်ဆောက်ရေးဦးစီးကော်မတီနှင့် ရတနာပုံမြို့သစ် တည်ဆောက်ရေးလုပ်ငန်းကော်မတီများ ဖွဲ့စည်းပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြဆောင်ရွက်လျက်ရှိပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့မူဝါဒ လမ်းညွှန်ချက် များနှင့်အညီ ရတနာပုံမြို့သစ်စီမံကိန်းမြေများအား အကျိုးရှိရှိနှင့် အမြန်ဆုံးဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်ကြီးမေးမြန်းထားတဲ့

မေးခွန်း(၁)နှင့်(၂)ကို ပူးပေါင်းဖြေကြားရမည်ဆိုလျှင် ဖော်ပြပါမြေ ၉၈၉၃ ဧကကို Master Plan အရ နိုင်ငံတော်အတွက် အကျိုးရှိဆုံးဖြစ်အောင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် အဆိုပါမြေများကို ယာမြေ/လယ်မြေ/စိုက်ပျိုးမြေများအဖြစ် ပြန်လည်ပြောင်းလဲရန် အစီအစဉ်မရှိပါကြောင်း Master Plan အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာအောင်ခင်(ပြင်ဦးလွင်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို ဆက်စပ် မေးခွန်းလေး မေးခွင့်ပြုပါ။ ပြည်ထောင်စုဒုတိယဝန်ကြီးပြောသွားတဲ့အတိုင်းပဲ ဒီစီမံကိန်းကို ကျွန်တော် တို့ ၂-၈-၂၀၁၆ ခုနှစ်ကတည်းက သိမ်းယူခဲ့တာ အခုဆို ၁၁ နှစ်ရှိပါပြီ။ ကျွန်တော်တို့ ၂၀၁၀-၂၀၁၁ ခုနှစ်လောက်တုန်းကလည်း ဒုတိယဝန်ကြီး ပြောသွားသလိုပဲ မြေတွေမှာ ဘာတွေ့ရလဲဆိုတော့ Shopping Centre တို့၊ အားကစားကွင်းတို့ စသဖြင့် အဲဒီလိုပဲ ဆိုင်းဘုတ်ကြီးတွေထောင်ထားတာ ကျွန်တော် တွေ့ပါတယ်။ နောက်တော့ အဲဒီဆိုင်းဘုတ်ကြီးတွေကလည်း ပျောက်သွားတယ်။ ပျောက်သွားတော့ ကျွန်တော်ထင်တာက ဒါတွေကပျက်သွားသလား။ ဒီလိုပဲထင်ခဲ့ပါတယ်။ ဘာဖြစ်လို့ လဲဆိုတဲ့အခါကျတော့ ကျွန်တော်တို့က မန္တလေးမြို့ ရတနာပုံမြို့သစ်စီမံကိန်းဆိုပြီးတော့ မန္တလေးက ဗဟိုကော်မတီအနေနဲ့ ၁၂-၈-၁၉၉၄ ခုနှစ်တုန်းကလည်း ပြင်ဦးလွင်-မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၂၃)ကနေ (၂၄)အထိ ခြောက်ထပ်ကွေ့ ပြင်ဦးလွင်အဆင်းလမ်း ဘယ်ဘက်ခြမ်းမှာ ရတနာပုံမြို့သစ်စီမံကိန်းဆိုပြီးတော့ အကောင်အထည်ဖော်ခဲ့ပါတယ်။ ဒါပေမဲ့လည်း အဲဒီစီမံကိန်းကြီး ဟာ ၁၂ နှစ်အကြာမှာ ပျက်သွားပါတယ်။ အဲဒီမှာလည်း တည်ဆောက်ရေးထဲမှာပါဝင်ခဲ့တဲ့လူတွေ၊ ပေပင်ကျေးရွာအပြောင်းအရွှေ့မှာ လုပ်ခဲ့တဲ့သူတွေကို ကျွန်တော်တို့ မြေကွက်တွေတောင်ချပေးခဲ့ ပါသေးတယ်။ အဲဒီတော့ ၁၂ နှစ်အကြာမှာ ဒီစီမံကိန်းကြီးက တစ်ခါထပ်ပေါ်လာတယ်။ ပေါ်လာပြီး တော့လည်း ကျွန်တော်တို့က အခုထက်ထိလည်း အကောင်အထည်ဖော်မှုဟာ မတွေ့ရဘူး။ ဒါတွေ ကလည်း ကျွန်တော့်အနေနဲ့တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး အတွက် အားနည်းနေတယ်လို့ ကျွန်တော်ယူဆတဲ့အတွက် ဒီမေးခွန်းကို တင်သွင်းရခြင်းဖြစ်ပါတယ်။ အဲဒီမှာ ပေပင်ကျေးရွာဆိုတာရှိပါတယ်။ ပေပင်ကျေးရွာဆိုတာ ကျွန်တော်တို့က ဇီးပင်ကြီးသင်တန်း ကျောင်းသုံးခုရှိတယ်။ အကြိမ်ကြိမ်ပြောင်းခဲ့ရတယ်။ ပြောင်းပြီးတော့ လက်ရှိနေရာလေးကို ရောက် လာတယ်။ ရောက်လာပေမဲ့ သူ့ပေးထားတဲ့မြေလေးက ကျဉ်းပါတယ်။ ကျဉ်းတဲ့အခါကျတော့ အဲဒါကို

စီလီကွန်ဇရိယာ ၁၀၀၀၀ သိမ်းထားတဲ့ထဲမှာပဲ သူ့ရဲ့ရွာမြေအရ နေစရာမရှိတော့ ချဲ့ထားတာ ငါးဇကေ လောက်ရှိပါတယ်။ အဲဒီတော့ ကျွန်တော်ပြောချင်တာကတော့ ပြည်သူတွေရဲ့မျက်နှာကိုလည်း ကြည့်သောအားဖြင့် ပြည်သူတွေကနေစရာမရှိဘူး။ အဲဒီစီလီကွန်ဇကေထဲမှာ ငါးဇကေလောက်ပါနေတယ်။ ထိုနည်းတူစွာပဲအရင်တုန်းက ချပေးထားခဲ့တဲ့အကွက် ၆၀၊ ၇၀ လောက်ရှိတဲ့သူတွေလည်း နစ်နာနေတယ်။ ဒါတွေလည်း ကျွန်တော်တို့က ဝန်ကြီးအနေနဲ့ စဉ်းစားပေးမယ့်အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြန်လည်ဖြေကြားပေးပါ။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါက်တာအောင်ခင်ရှင်းပြသွားသလိုပါပဲ။ ကျွန်တော်တို့ ဒီစီမံကိန်းဟာ ၁၁ နှစ်ကြာပြီဆိုပေမဲ့လို့ လက်ရှိအစိုးရသစ်လက်ထက်ကျတော့မှ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်ကနေပြီးတော့ Idle ဖြစ်နေတဲ့စီမံကိန်းကြီးဟာ ဒီလိုရှိပါတယ်။ ဇကေလည်း ၁၀၀၀၀ လောက်ရှိပြီးတော့ လျော်ကြေး တွေလည်း အားလုံးပေးထားပြီးဖြစ်တဲ့ ဒီစီမံကိန်းကြီးရှိနေပါတယ်ဆိုပြီးတော့ လုံ/တည်မှာ လူကြီးများကို ရှင်းပြခဲ့ပါတယ်။ ရှင်းပြတဲ့အခါမှာ ဒီဟာနဲ့ပတ်သက်ပြီးတော့ ပြည်ထောင်စုဝန်ကြီးဌာန ကိုးခုပါဝင်ပါတယ်။ ပြည်ထောင်စုဝန်ကြီးကိုးဦးနှင့် မန္တလေးတိုင်းဝန်ကြီးချုပ်ပါဝင်တဲ့ ဦးစီးကော်မတီ ဖွဲ့ဖို့ မူအားဖြင့်သဘောတူတဲ့အတွက် ကျွန်တော်တို့ အခု Cabinet ကိုတင်ပြထားပါတယ်။ ပြီးရင်တော့ အဲဒီဦးစီးကော်မတီကြီးကနေပြီးတော့ ဒီစီမံကိန်း Master Plan သုံးခု၊ အဆင့်(၁)၊ (၂)၊ (၃) ကို ဆက်လက်စိစစ်ပြီး နိုင်ငံတော်အတွက်အကျိုးရှိဆုံးက ဒီတိုင်းလား။ ဒီတိုင်းဆိုဒီတိုင်းဆက်သွားပါမယ်။ ဒီ့ထက်ပိုပြီးကောင်းမွန်တဲ့စီမံပြင်ဆင်ဖို့ရှိသလား။ ဒါတွေကို ဆန်းစစ်သုံးသပ်ပြီးတော့ ဦးစီးကော်မတီ (Steering Committee) ကနေဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ ဒီဆက်စပ်မေးခွန်းဖြစ်တဲ့ ပေပင်ရွာကဆိုတဲ့ကိစ္စလေးတွေနဲ့ပတ်သက်ပြီး ရှင်းပြရရင်တော့ အဲဒီနေရာမှာက အဲဒီဇကေ ၁၀၀၀၀ ထဲမှာ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုမျိုးလေးတွေ လာပြီးနေနေတဲ့ အိမ်စုလေးတွေက ဟိုနည်းနည်း၊ ဒီနည်းနည်းလေးနဲ့ တော်တော်များပါတယ်ခင်ဗျား။ ၁၀ အိမ်စု၊ ၁၅ အိမ်စု၊ တချို့က လည်း အိမ် ၂၀ စုလေး နည်းနည်းလေးရှိနေတော့ စီမံကိန်းအကောင်အထည်ဖော်ပြီဆိုရင်တော့ ကျွန်တော်တို့ Master Plan အတိုင်း လုပ်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေ၊ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားမှာဖြစ်တယ်။ သို့သော်လည်းပဲ ဒီလူတွေရဲ့ အလုပ်အကိုင်အခွင့်အလမ်းက အရေးကြီးပါတယ်။ ဒီစီမံကိန်းကြီးက ကြီးပါတယ်။ စက်ရုံ၊ အလုပ်ရုံတွေ

လည်းရှိတယ်။ နေအိမ်တွေတည်ဆောက်မှာလည်းရှိတဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိရေး ကိုတော့ ကျွန်တော်တို့ ဦးစားပေးဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနအနေနဲ့ လယ်ယာမြေနဲ့အခြားမြေများ သိမ်းဆည်းခံရမှုနဲ့စပ်လျဉ်း တဲ့မေးခွန်းတွေကိုဖြေတဲ့အခါမှာ လယ်ယာမြေနဲ့အခြားမြေများ သိမ်းဆည်းခံရမှုပြန်လည်စိစစ်ရေး ဗဟိုကော်မတီရဲ့မူဝါဒ၊ လမ်းညွှန်ချက်နှင့်အညီ ဖြေပေးဖို့လိုအပ်ပါတယ်။ ဒီမူဝါဒတွေ၊ လမ်းညွှန်ချက် တွေ ဘာတွေဆိုတာ ကျွန်တော်တို့ သိပါတယ်။ ဒါကြောင့်မို့လို့ ဝန်ကြီးဌာနအနေနဲ့ ဖြေမယ်ဆိုရင် လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရတဲ့ကိစ္စတွေမှာ ပြည်ထောင်စုအစိုးရရဲ့၊ လက်ရှိအစိုးရရဲ့ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုပြန်လည်စိစစ်ရေးဗဟိုကော်မတီရဲ့မူဝါဒ၊ လမ်းညွှန် ချက်အတိုင်းသာ ဖြေကြားပေးဖို့ လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

**စစ်ကိုင်း-မုံရွာကားလမ်းပေါ်ရှိ မိုင်တိုင်(၄၆/၃ နှင့် ၄၆/၄)ကြား မြင်းမူမြို့တွင် လမ်း၊ တံတားအသုံးပြုခ ကောက်ခံလျက်ရှိသော ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီ၏ လမ်း၊ တံတားအသုံးပြုခကောက်ခံရေး ဂိတ်အားဖျက်သိမ်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြင်းမူမဲဆန္ဒနယ်မှ ဦးစိုးစံသက်ထွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုးစံသက်ထွန်း(မြင်းမူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမဲဆန္ဒနယ်က ဦးစိုးစံသက်ထွန်း ဖြစ်ပါတယ်။ မြင်းမူမြို့မှာတည်ဆောက်ထားတဲ့ ရွှေတောင်ကုမ္ပဏီရဲ့တိုးလ်ဂိတ်နှင့် ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိကာလမှာ လမ်းပန်းဆက်သွယ်ရေးကို ကားလမ်းဖြင့်သာ အဓိကထားပြီးတော့ အသုံးပြုနေကြပါတယ်။ ဒါကြောင့်မို့လို့လည်း ဆောက်လုပ်ရေး ဝန်ကြီးဌာနရဲ့လမ်းတံတားအသုံးပြုခတွေကို ဖြေလျှော့ပေးခဲ့တဲ့ ရက်(၁၀၀)စီမံချက်ကို ပြည်သူများ အထူးသတိပြုမိခဲ့ကြပါတယ်။ ကျွန်တော်တို့မြင်းမူမြို့နယ်အတွင်းမှာလည်း မြင်းမူ-နောင်ကြီးအိုင်လမ်း၊ မြင်းမူ-ညောင်လမ်း စတဲ့ မြေလတ်လမ်းတွေမှာ ကောက်ခံခြင်းမရှိတာ တွေ့ရပါတယ်။ မြင်းမူမြို့နယ် ဟာ တရုတ်၊ အိန္ဒိယနိုင်ငံတွေကို ကားလမ်းနဲ့ တိုက်ရိုက်ဆက်သွယ်နိုင်တဲ့ ပြည်ထောင်စုလမ်းမကြီးပေါ် မှာရှိပါတယ်။ ဒီလမ်းမရဲ့ စစ်ကိုင်း-မုံရွာလမ်းပိုင်းကို ရွှေတောင်ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီက B.O.T စနစ်နဲ့ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ စာချုပ်မူရင်းအရ ၇၁ မိုင် ၆ ဖာလုံ၊ ပြင်ဆင်တဲ့စာချုပ်

အရ ၇၄ မိုင် ၇ ဖာလုံ ရှိပါတယ်။ ဒီမိုင်အတွင်းမှာ တိုးလ်ဂိတ်သုံးဂိတ်ထားပြီးတော့ ကောက်ခံလျက်ရှိပါတယ်။ ဒါဟာ ဝန်ကြီးဌာနရဲ့ရည်မှန်းချက်နဲ့လည်း ဆန့်ကျင်နေပါတယ်။ နေ့စဉ်ယာဉ်သွားလာမှုစီးရေ AATD ၆၀၀၀ ကျော်ရှိနေတဲ့အတွက် မိုင် ၃၀ ကို တစ်ဂိတ်နှုန်းနဲ့ကောက်ခံနေတာဟာ ကုန်စည်စီးဆင်းမှုနဲ့ ခရီးသွားတွေအတွက် နှောင့်နှေးမှုကို မကြာခဏဖြစ်စေပါတယ်။ အမှားယွင်းတစ်ခုဖြစ်ရင် ကားအစီးရေ ရာနှင့်ချီပြီးတော့ ပိတ်ဆို့တတ်ပါတယ်။ ဥပမာ ဒီနှစ် မေလထဲမှာ တံတားတစ်စင်း တည်ဆောက်ရာမှာ အချိန်မီမပြီးခဲ့လို့ မိုးရေကျော်တဲ့အခါမှာ ကားအစီးရေ ၃၀၀၊ ၄၀၀ လောက် ပိတ်ဆို့မှုတွေ သုံးခါလောက် ဖြစ်ခဲ့ရပါတယ်။

လေးစားရတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကုမ္ပဏီနဲ့ ဝန်ကြီးဌာနတို့ချုပ်ထားတဲ့စာချုပ်မှာ ဂိတ်တည်ဆောက်ရာနေရာပြတဲ့ နောက်ဆက်တွဲ(ခ)မှာ မြင်းမူမြို့က တိုးလ်ဂိတ်ပါရှိခြင်းမရှိပါဘူး။ မြို့ရဲ့အဝင်ဝ စည်ပင်သာယာနယ်နိမိတ်ထဲမှာ တည်ဆောက်ထားတဲ့အတွက် မြို့တွင်းသွားလာရေးနှင့် မြို့နယ်အတွင်းသွားလာရေးတွေမှာ များစွာအခက်အခဲဖြစ်စေပါတယ်။ မြင်းမူမြို့နယ်အရှေ့ဘက်အခြမ်းက ပြည်သူတွေဟာ မြင်းမူကိုလာရင် ဒီလမ်းကိုအသုံးပြုတာ အလွန်ဆုံး လေးမိုင်၊ ငါးမိုင်ပါ။ ဒါပေမဲ့ စစ်ကိုင်းကလာတဲ့ကြေး ပေးရပါတယ်။ ဒါကြောင့် ဒီတိုးလ်ဂိတ်ကြီးတည်ဆောက်ပြီးကတည်းက မြို့ရဲ့ ကုန်စည်စီးဆင်းမှုဟာ သိသိသာသာကျဆင်းသွားခဲ့ရပါတယ်။ မြင်းမူမြို့ကို အရှေ့ဘက်တစ်ခြမ်း၊ အနောက်ဘက်တစ်ခြမ်း ပိုင်းခြားထားသလိုဖြစ်ပြီးတော့ အရောင်းအဝယ်တွေကျဆင်းပြီးတော့ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်မှုကို အများကြီးအနှောင့်အယှက်အဟန့်အတား ဖြစ်ရပါတယ်။ AATD ၆၀၀၀ ကျော်ရှိတဲ့လမ်းပိုင်းဖြစ်လို့ ပျမ်းမျှတစ်စီးကို ၁၀ ယောက်နှုန်းနဲ့တွက်ရင်တောင်မှ နေ့စဉ် ပြည်သူ ၆၀၀၀၀ နဲ့ ထိတွေ့ဆက်ဆံနေရတဲ့အနေအထားဖြစ်ပါတယ်။ မြင်းမူမြို့က ပြည်သူများအနေနဲ့လည်း ကိုယ့်မြို့နယ်အတွင်း သွားလာရေးမှာ အတားအဆီးမရှိ အဆင်ပြေစွာသွားလာဖို့ရာ လိုလားလျက်ရှိကြပါတယ်။ သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို မေးမြန်းရခြင်းဖြစ်ပါတယ်။ (၁) စစ်ကိုင်း-မုံရွာကားလမ်းမပေါ်ရှိ မိုင်တိုင် (၄၆/၃ နှင့် ၄၆/၄) ကြား မြင်းမူမြို့က ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီ၏ လမ်းတံတားအသုံးပြုခကောက်ခံရေးဂိတ်အား ဖျက်သိမ်းပေးရန်အစီအစဉ်ရှိ/မရှိ သိလိုပါတယ်။ (၂) မဖျက်သိမ်းနိုင်ပါက အဘယ်ကြောင့်ဆိုသည်နှင့် မြင်းမူမြို့နယ်လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေးအား အဟန့်အတားဖြစ်နေခြင်းအပေါ် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ မဲဆန္ဒရှင် ပြည်သူများကိုယ်စား လေးစားစွာမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစံသက်ထွန်းမှမေးမြန်းထားတဲ့ စစ်ကိုင်း-မုံရွာကားလမ်းပေါ်ရှိ မိုင်တိုင် (၄၆/၃ နှင့် ၄၆/၄)ကြားတွင် မြင်းမူမြို့တွင် လမ်း၊ တံတားအသုံးပြုခကောက်ခံလျက်ရှိသော ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီ၏ လမ်း၊ တံတားအသုံးပြုခကောက်ခံရေးဂိတ်အားဖျက်သိမ်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် မဖျက်သိမ်းပေးနိုင်ပါက အဘယ်ကြောင့်ဆိုသည်နှင့် မြင်းမူမြို့လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုတက်ရေးအတွက် အဟန့်အတားဖြစ်ပေါ်နေခြင်းအပေါ် မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မန္တလေး-စစ်ကိုင်း-မုံရွာ-ရေဦးလမ်း၏ စစ်ကိုင်း-မုံရွာလမ်းအပိုင်း၊ မြင်းမူမြို့ရှောင်လမ်းနှင့် စစ်ကိုင်းအပိုင်းမှ ရတနာပုံတံတားအထိ ၇၄ မိုင် ၇ ဖာလုံအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရွှေတောင်ဟိုင်းဝေးကုမ္ပဏီလီမိတက်သို့ B.O.T စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုထားပါတယ်။ ရွှေတောင်ဖွံ့ဖြိုးရေးကုမ္ပဏီအား မန္တလေး-စစ်ကိုင်း-မုံရွာ-ရေဦးလမ်း (စစ်ကိုင်း-မုံရွာအပိုင်း)(မြင်းမူမြို့ရှောင်လမ်းအပါအဝင်) ၇၃ မိုင် ၃ ဖာလုံအား B.O.T စနစ်ဖြင့် စတင်လုပ်ကိုင်ရန် ၁-၄-၂၀၀၈ တွင် စာချုပ်ချုပ်ဆိုခဲ့ပြီး ၂၅-၇-၂၀၁၀ ရက်နေ့တွင် MIC Permit ခွင့်ပြုချက်အရ B.O.T နှုန်းထားဖြင့် ကောက်ခံရန်ခွင့်ပြုခဲ့ပါတယ်။ B.O.T စာချုပ်၏ နောက်ဆက်တွဲ (ခ)တွင် မြင်းမူကောက်ခံရေးဂိတ်မပါဝင်သော်လည်း တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ၂၆-၂-၂၀၀၉ ရက်စွဲပါစာအမှတ်၊(၉၁၂) အရ B.O.T စနစ်ဖြင့် ဆောင်ရွက်ခွင့်ရထားတဲ့ လမ်းအပိုင်းတွင် ခေတ်မီ Computerize ဖြင့် Toll Gate အသစ်ဆောက်လုပ်ရန်ခွင့်ပြုခဲ့ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှလည်း ၂၆-၅-၂၀၁၁ ရက်စွဲပါစာအမှတ်၊(၇၁၈၇)အရ ရွှေတောင်ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်အား စစ်ကိုင်း-မုံရွာလမ်းအပိုင်းရှိ စစ်ကိုင်း(မုံရွာဂိတ်)နှင့် မြင်းမူဂိတ်တို့အား B.O.T နှုန်းထားဖြင့် ကောက်ခံရန်ခွင့်ပြုခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါလမ်းပိုင်း ၇၄ မိုင် ၇ ဖာလုံတွင် စစ်ကိုင်းမှ မြင်းမူအထိ ၃၆ မိုင် ၄ ဖာလုံအပိုင်းနှင့် မြင်းမူမှ မုံရွာအထိ ၃၈ မိုင် ၃ ဖာလုံအပိုင်းအတွက်သာ လမ်းအသုံးပြုခကောက်ခံခြင်းဖြစ်ပါတယ်။ စစ်ကိုင်း-မုံရွာအသွားလမ်းကြောင်းအတိုင်း အသုံးပြုပါက

ကံတလူဂိတ်တွင် ၃၆ မိုင် ၄ ဖာလုံအတွက် လမ်းအသုံးပြုခကောက်ခံပြီး မြင်းမူဂိတ်သို့ရောက်ရှိပါက ကံတလူဂိတ်မှ ပြေစာကိုစစ်ဆေးပြီး မြင်းမူ-မုံရွာအပိုင်း ၃၈ မိုင် ၃ ဖာလုံအတွက်သာ ထပ်မံကောက်ခံပါတယ်။ မုံရွာဂိတ်သို့ရောက်ရှိပါက မြင်းမူဂိတ်မှ ပြေစာကိုစစ်ဆေးပြီးပါရှိပါက ထပ်မံကောက်ခံခြင်း မပြုတော့ပါ။ အလားတူ မုံရွာ-စစ်ကိုင်းအပြန်လမ်းကြောင်းအတွက် အသုံးပြုပါက မုံရွာဂိတ်တွင် မုံရွာ-မြင်းမူအပိုင်း ၃၈ မိုင် ၃ ဖာလုံအတွက် ကောက်ခံပြီး မြင်းမူဂိတ်ရောက်ရှိပါက မုံရွာဂိတ်မှပြေစာကို စစ်ဆေးပြီး ပါရှိပါက မြင်းမူ-စစ်ကိုင်းအပိုင်း ၃၆ မိုင် ၄ ဖာလုံအတွက်သာ ထပ်မံကောက်ခံပါတယ်။ ကံတလူဂိတ်ရောက်ရှိပါက မြင်းမူဂိတ်မှပြေစာကိုစစ်ဆေးပြီး ပြေစာပါရှိပါက ထပ်မံကောက်ခံခြင်း မပြုတော့ပါ။

သို့ဖြစ်ပါ၍ ရွှေတောင်ဟိုင်းဝေးကုမ္ပဏီလီမိတက်မှ လမ်းအသုံးပြုခကောက်ခံနေသော ဂိတ်သုံးခုတွင် ဂိတ်နှစ်ခုမှ ဖြတ်သန်းပေးဆောင်ခဲ့ပြီးပါက နောက်ဂိတ်တစ်ခုတွင် ထပ်မံပေးဆောင်ရန် မလိုအပ်သောကြောင့် မြင်းမူတိုးလ်ဂိတ်အား ဖျက်သိမ်းရန်အစီအစဉ်မရှိပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြင်းမူကောက်ခံရေးဂိတ်၏ အရှေ့ဘက်နှင့်အနောက်ဘက်သုံးမိုင်အတွင်း နေထိုက်လျက်ရှိတဲ့ ဒေသခံပြည်သူများအဆင်ပြေစေရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရွှေတောင်ဟိုင်းဝေးကုမ္ပဏီလီမိတက်နှင့် ဒေသခံပြည်သူလူထုတို့ ဆွေးနွေးညှိနှိုင်းပြီးတော့ အထူးကိစ္စတစ်ရပ်အနေနဲ့ အခမဲ့ဖြတ်သန်းသွားလာခွင့်ပြုနိုင်ရေးအတွက်ကို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးစိုးစံသက်ထွန်း(မြင်းမူမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးမြန်းခွင့်ပြုပါ။ ဒုတိယဝန်ကြီးရဲ့ဖြေကြားချက်မှာ ကျွန်တော်တို့ ဂိတ်ကို ၂၆-၇-၂၀၀၉ ခုနှစ်မှာ တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ခွင့်ပြုခဲ့တယ်လို့ပြောပါတယ်။ ဒီပဋိညာဉ်စာချုပ်ကတော့ ကန်ထရိုက်နံပါတ် ၂၀၁၀-၂၀၁၁ (B.O.T) ၁၆ နဲ့ ၂၅-၇-၂၀၁၀ မှာ ချုပ်ဆိုခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်က ခွင့်ပြုခဲ့တဲ့ ဂိတ်ဟာ ၂၀၁၀ စာချုပ်ရဲ့ နောက်ဆက်တွဲ(ခ)မှာ ဘာလို့ပါမလာသလဲဆိုတာ မရှင်းလင်းပါဘူး။ ဒါကိုဘာကြောင့်လဲဆိုတာ သိချင်ပါတယ်။ ဒီလိုပါမလာတဲ့ဂိတ်ဖြစ်တဲ့အတွက် စာချုပ်စည်းမျဉ်းစည်းကမ်းနှင့်အညီ ပြန်လည်သုံးသပ်ပေးဖို့ အစီအစဉ်ရှိ/မရှိ သိလိုပါတယ်။ နောက်တစ်ခုက

ဒုတိယဝန်ကြီးရဲ့ နောက်ဆုံးဖြေကြားတဲ့အပိုဒ်မှာ ၃ မိုင်အတွင်းမှာ နေထိုင်တဲ့သူတွေကို သွားလာရေးအတွက် အဆင်ပြေအောင်လုပ်ပေးမယ်လို့ပြောတဲ့အတွက် အထူးကျေးဇူးတင်ရှိပါတယ်။ ဒါပေမယ့် အဲဒီလိုသတ်မှတ်လို့ အဆင်ပြေမှာမဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ ဒီဂိတ်ကိုမရောက်ခင် ၃ မိုင်အတွင်းမှာ မြင်းမူကနေ နောင်ကြီးအိုင်ကိုဆက်သွယ်ထားတဲ့ လမ်းတစ်လမ်းရှိပါတယ်။ ကျွန်တော်တို့မြို့နယ်အတွင်းက ကျေးရွာချင်းဆက်လမ်းတွေရှိပါတယ်။ ဒီလမ်းတွေကနေ တစ်နေ့ကို ယာဉ်စီးရေပျမ်းမျှ ၂၅၀ လောက်သွားလာနေတာ သူတို့ဟာ အဲဒီလမ်းကို ၃ မိုင်ပဲသုံးပြီးတော့ စစ်ကိုင်းကလာတဲ့ ကြေးပဲပေးနေရတာကို ရှိနေပါတယ်။ ဒါတွေကိုလည်း ထည့်သွင်းစဉ်းစားပေးဖို့လဲ လိုအပ်မှာဖြစ်ပါတယ်။ ဒီဂိတ်နဲ့ပတ်သက်ပြီးတော့ မြို့နယ်အတွင်းရော၊ ဒီလမ်းကိုအသုံးပြုနေတဲ့သူဟာ ၁၀ စုနှစ်တစ်ခုနီးပါးလောက်ခံစားနေရတဲ့ကိစ္စဖြစ်လို့ ဒီဖြေလျှော့မှုတွေကိုလည်း ဘယ်အချိန်မှာ ပြီးစီးအောင် အကောင်အထည်ဖော်ပေးမလဲဆိုတာ သိရှိလိုပါ၍ တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြန်လည်ဖြေကြားပေးပါ။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဆက်စပ်မေးခွန်းကို ဖြေကြားခွင့်ပြုပါခင်ဗျား။ ဦးစိုးစံသက်ထွန်းမေးမြန်းထားတဲ့ ပထမမေးခွန်းဖြစ်ပါတယ်။ ဒီစာချုပ်စာတမ်းများနှင့်ညီ/မညီ။ ဥပဒေနှင့်ညီ/မညီဆိုတဲ့ မေးခွန်းလေးပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ဒီလွှတ်တော် မေးခွန်းများကို ဖြေကြားမယ်ဆိုလို့ရှိရင် အရင်ဆုံး ဒီမေးခွန်းများကို ပြန်လည်ဆန်းစစ်ရပါတယ်ခင်ဗျား။ ဒီလွှတ်တော်တွေဟာ ယခင်လွှတ်တော်အဆက်ဆက်မှာ မေးတဲ့မေးခွန်းတွေနဲ့ အဖြေတွေနဲ့ ဆက်စပ်မှုရှိ/မရှိ။ အရင်ဆုံးဆန်းစစ်ပါတယ်။ ပြီးလို့ရှိရင် နိုင်ငံတကာမှာစာချုပ်ထားတဲ့ စာချုပ်စာတမ်းတွေနဲ့ ဆက်စပ်မှုရှိ/မရှိ။ ပြီးလို့ရှိရင် သူတို့ရဲ့ အနာဂတ် Future plan တွေနဲ့ ဆက်စပ်ပြီးတော့မှ ကျွန်တော်တို့မှာ အဖွဲ့လေးဖွဲ့ထားပါတယ်။ အဲဒီအဖွဲ့ကနေပြီးတော့ Hypothesis လုပ်ပြီးတော့မှ Analytical result ကိုထုတ်ပြီး အဲ့ဒါကို ပြည်ထောင်စုဝန်ကြီးကိုတင်ပြပြီး အတည်ပြုချက်ရရှိတဲ့အချိန်မှာ ဖြေဆိုခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ကိုယ်တိုင်လည်း အဲဒီနေရာကို သွားရောက်ပြီးတော့ စိစစ်ခဲ့ပါတယ်ခင်ဗျား။ ဒီနေရာ ဒီမေးခွန်း၊ ၂၀၀၉ ခုနှစ်က ၂၀၀၈ ခုနှစ်က ဂိတ်နှစ်ခုဆိုတာမှန်ပါတယ်ခင်ဗျား။ ဒီစစ်ကိုင်းမှာ တစ်ဂိတ်၊ မုံရွာမှာတစ်ဂိတ် ၇၂ မိုင် အတွက်ကို နှစ်ဂိတ်ပဲဖြစ်တဲ့အချိန်မှာ စစ်ကိုင်းကထွက်လာတဲ့ ကားအားလုံးဟာ မုံရွာကိုသွားသည်ဖြစ်စေ၊ မသွားသည်ဖြစ်စေ မြင်းမူပဲ

သွားသွား၊ ရေးဦးပဲသွားသွား၊ အလယ်ခေါင်မှာရှိတဲ့ အုန်းတောတို့ပဲသွားသွား၊ ၇၂ မိုင်စာပေးရတဲ့ အတွက် ပြည်သူတွေမှာ ဝန်ထုပ်ဝန်ပိုးဖြစ်ပါတယ်။ ဒီအတိုင်းပါပဲခင်ဗျား။ မုံရွာကထွက်လာတဲ့ကားတွေ ဟာလည်း ဒီထွက်လာရင် ဒီဂိတ်ကိုဖြတ်တာနဲ့ ၇၂ မိုင်စာပေးရတော့ ဝန်ထုပ်ဝန်ပိုးဖြစ်တာနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ထောက်ခံချက်နဲ့ အလယ်ခေါင် ၃၆ မိုင်မှာ တစ်ဂိတ်ထားရင် ကျွန်တော် တို့ အတိုလေးတွေဟာ ၃၆ မိုင်စာပဲပေးရတဲ့အတွက် ကျွန်တော်တို့ MIC က ဥပဒေနှင့်အညီ ခွင့်ပြုခဲ့တဲ့ အတွက်ဥပဒေနှင့်ညီပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

နံပါတ်(၂)မေးခွန်းဖြစ်တဲ့ နောင်ကြီးအိုင်ကလာတဲ့ အဲဒီမှာ ရွာ ၁၅ ရွာလောက်ရှိပါတယ်။ တစ်နေ့ကို စီးရေ ၂၅၀ နဲ့ ၃၀၀ကြားလောက်။ အဲဒီအထဲက သုံးပုံတစ်ပုံလောက်က မြင်းမူဘက် ကိုချိုးကွေ့ပါတယ်ခင်ဗျား။ ကျန်တဲ့သုံးပုံနှစ်ပုံလောက်ကတော့ စစ်ကိုင်းနှင့်မန္တလေးကိုဆင်းပါတယ် ခင်ဗျား။ ဒါကြောင့်မို့လို့ ဒီလူတွေအတွက် အခုအဲဒီနေရာမှာ ကျွန်တော်တို့စဉ်းစားတာက ဒီဂိတ်ကြီးကို ဒီလမ်းဆုံရဲ့ စစ်ကိုင်းဘက်အခြမ်းကို ရွှေ့လိုက်မယ်ဆိုရင်တော့ ဘာဖြစ်သွားမလဲဆိုရင် မြင်းမူဘက်ချိုး ကွေ့တဲ့ကားတွေအတွက် အဆင်ပြေပေမယ့် စစ်ကိုင်းဘက်ချိုးကွေ့တဲ့ကားတွေအတွက်ကျတော့ အဲဒီ မှာသွားပြီးတော့ သူ့အတွက်ဝန်ထုပ်ဝန်ပိုးဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ အကောင်းဆုံး အစီအစဉ် တစ်ခုကို ကျွန်တော်တို့ စီစဉ်ထားပါတယ်ခင်ဗျား။ ဒီဘက်ကလာတဲ့၊ ရွာကလာတဲ့ ကားတွေအတွက်ကို ဒီစစ်ကိုင်းကလာတဲ့ ကြေးပေးစရာမလိုဘဲနဲ့ သူ့အတွက်လျှော့ပေါ့သက်သာတဲ့ နှုန်းတစ်ခုလုပ်ပေးဖို့ စီစဉ်ဆောင်ရွက်သွားပါမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**B.O.T စနစ်ဖြင့် လုပ်ကိုင်ခွင့်ပေးထားသောလမ်းများ၏ အရည်အသွေးသည် ပြည်သူများပေးဆောင် နေရသည့် လမ်းအသုံးပြုခနှုန်းထားများနှင့် ထိုက်တန်မှုမရှိ ဖြစ်နေခြင်းများကို မည်ကဲ့သို့ စိစစ်ကြပ်မတ်ဆောင်ရွက်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စိုးစိုးကြည်(ပြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ဖြစ်ပါတယ်။ ကျွန်မမေးမြန်းလိုတဲ့ မေးခွန်းကတော့ BOT စနစ်နဲ့ လုပ်ကိုင်ခွင့်ပေးထားတဲ့လမ်းတွေရဲ့ အရည်အသွေးဟာ ပြည်သူတွေ ပေးဆောင်နေရတဲ့ လမ်းအသုံးပြုခနှုန်းထားများနှင့် နှိုင်းစာမယ်ဆိုလို့ရှိရင် ထိုက်တန်မှုမရှိဖြစ်နေခြင်း

တွေကို တွေ့ရတဲ့အတွက် ဘယ်လိုစိစစ်ကြပ်မတ်ဆောင်ရွက်သွားမလဲဆိုတာကို သိလိုတဲ့အတွက် ပြည်သူများရဲ့ကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မလေ့လာကြည့်တဲ့အခါမှာ ပဲခူးတိုင်းဒေသကြီးအတွင်းမှာ B.O.T စနစ်နဲ့ဆောင်ရွက်နေတဲ့ကုမ္ပဏီခြောက်ခုရှိတယ်လို့ သိရှိရပါတယ်။ ကျွန်မတို့ပဲခူးတိုင်းအနောက်ခြမ်းမှာတော့ မက်(စ်)ကုမ္ပဏီနဲ့ နေလသစ္စာကုမ္ပဏီတို့က လမ်းတွေကို B.O.T စနစ်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါပေမဲ့ ကျွန်မတို့ပြည်သူတွေဟာ အခုအချိန်မှာ ပေးဆောင်ရတဲ့ လမ်းအသုံးပြုခတွေကတော့ အရင်ကထက် ပိုမိုပြီးတော့ ပေးနေရပါတယ်။ ဒါပေမဲ့ လမ်းတွေကို ထိန်းသိမ်းတဲ့၊ ပြုပြင်တဲ့အရည်အသွေးကတော့ ပေးဆောင်ရတဲ့လမ်းအသုံးပြုခတွေနဲ့ နှိုင်းဆတယ်ဆိုလို့ရှိရင် ကျွန်မတို့က ထိုက်တန်မှုမရှိပါဘူး။ လမ်းတွေရဲ့အရည်အသွေးဟာ အလွန်ပဲညံ့တာကို သိရပါတယ်။ ဒါကိုမေးမြန်းတဲ့အခါမှာလည်း ကျွန်မတို့က ဒီ B.O.T စာချုပ်ချုပ်တဲ့ စာချုပ်ပါအချက်အလက်တွေကို ပြည်သူတွေမေးတဲ့အခါမှာ ကျွန်မတို့လွှတ်တော်ကိုယ်စားလှယ်တွေရော ပြည်သူတွေပါ အဲဒီအချက်အလက်တွေကို သိရှိရခြင်းမရှိပါဘူး။ တစ်ခါဆက်ပြီးပြောရမယ်ဆိုရင် B.O.T တိုးလ်ဂိတ်တွေမှာ လမ်းအသုံးပြုခကောက်ခံတာဟုတ်ပါတယ်။ ဒါပေမဲ့လည်း တချို့နေရာတွေမှာ မြို့ဝင်ကြေးတွေကိုပါ စုပေါင်းကောက်ခံနေတာကိုလည်း တွေ့ရှိရပါတယ်။ ရန်ကုန်- ပြည်လမ်းမှာရှိတဲ့ ဇီးကုန်းတိုးလ်ဂိတ်ဟာဆိုရင် လမ်းပေါ်ဖြတ်သန်းရခြင်းမရှိတဲ့ မြို့ဝင်ကြေးတွေကိုပါ တပေါင်းတည်းကောက်ခံနေတာကို တွေ့ရှိရပါတယ်။ တစ်ခါ ကျွန်မရဲ့ပြည်မြို့ကိုကြည့်မယ်ဆိုလို့ရှိရင် ဒီ မက်(စ်)က တာဝန်ယူတဲ့ ကျွန်မတို့ ရန်ကုန်- ပြည်-မကွေးလမ်းပိုင်းမှာ ပြည်မြို့ရဲ့ အရှေ့ဘက်ထွက်ပေါက်ဖြစ်တဲ့ ပြည်- အောင်လံ လမ်းပေါ်မှာ တိုးလ်ဂိတ်တစ်ခုရှိပါတယ်။ တစ်ခါ အနောက်ဘက်ထွက်ပေါက်ဖြစ်တဲ့ ပြည်-ရန်ကုန်လမ်းပေါ်မှာ ပြည်နဲ့ရွှေတောင်ကြားမှာလည်း တိုးလ်ဂိတ်တစ်ခုထားရှိတာကို တွေ့ရှိရပါတယ်။ ကျွန်မတို့မြို့ရဲ့ ၃ မိုင် ၆ ဖာလုံလောက် မြို့တွင်းလမ်း အဝင်အထွက်နှစ်ခုမှာ တိုးလ်ဂိတ်နှစ်ခု ရှိနေတာလည်း အနီးအနားမှာရှိတဲ့ပြည်သူတွေအတွက်တော့ ဒါ အခက်အခဲတစ်ခုပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ဟာ ဒီအချက်ကိုလည်း ထည့်သွင်းမေးခြင်းဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ ရန်ကုန်- ပြည်လမ်းပိုင်းဟာ အရင်တုန်းကဆိုလို့ရှိရင် မြန်မာနိုင်ငံမှာ အကောင်းဆုံးလမ်းဖြစ်ခဲ့ပါတယ်။ မိုင်အရှည် ၁၇၅ မိုင်ရှိပြီးတော့ မောင်းချိန်လေးနာရီခွဲ ငါးနာရီလောက်သာ မောင်းကြရတာဖြစ်ပါတယ်။

ဉက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပြုပါ။ အခုအချိန်မှာတော့ လမ်းပိုင်းရဲ့ပျက်စီးမှုတွေကို Power Point မှာတင်ပြထားတဲ့အတိုင်း တွေ့နိုင်ပါတယ်။ ဒါကတော့ ကျွန်မတို့ ရွှေတောင်-ထန်းကုန်းကြားအပိုင်း ဖြစ်ပါတယ်။ ဒါက ရွှေတောင်နဲ့တောင်ကုန်းကြားလမ်းပိုင်းတွေ၊ ဒါကအခုရက်ပိုင်းမှာ ကျွန်မရိုက်ထားတဲ့ပုံတွေဖြစ်ပါတယ်။ ဒါဟာလည်း ရွှေတောင်အနားမှာရှိတဲ့လမ်းဖြစ်ပါတယ်။ ဒါကတော့ နတ်တလင်း-ဇီးကုန်းရဲ့ကြားမှာ ပျက်စီးနေတဲ့လမ်းပိုင်းတွေဖြစ်ပါတယ်။ ဒါလည်း နတ်တလင်း-ဇီးကုန်းကြားက လမ်းတွေဖြစ်ပါတယ်။ ဒါကတော့ ကျွန်မတို့ ဘာကိုပြချင်တာလဲဆိုရင် ကျွန်မတို့ရဲ့ဒီလမ်းနဲ့ ကတ္တရာလမ်းဘေးမှာရှိတဲ့ လမ်းရဲ့ကတ္တရာဘေးမှာ ကွန်ကရစ်နဲ့လမ်းပခုံးကို ချဲ့ထွင်တဲ့အခါမှာ အရည်အသွေးမပြည့်မီတဲ့အခါ ဒီလမ်းမညီမညာမှုတွေကြောင့် ကျွန်မတို့ပြည်သူတွေအတွက် အလွန်စိုးရိမ်ရတဲ့ ယာဉ်တိုက်မှုတွေဖြစ်စေမယ့် အခြေအနေတစ်ရပ်ဖြစ်နေပါတယ်။ ဒါ ကျွန်မတို့ လမ်းပခုံးပြုပြင်ဖို့ အရည်အသွေးမပြည့်ဝတာတွေကို ဒီပုံတွေမှာကြည့်ရင် မြင်နိုင်ပါတယ်။ ဒါကတော့ ရန်ကုန်-ပြည်-မကွေးလမ်းပိုင်းမှာရှိတဲ့ အချက်တွေဖြစ်ပါတယ်။ Power Point ပိတ်လို့ရပါပြီ။ တစ်ခါကျွန်မတို့ပြည်မြို့အတွင်းမှာဆိုလည်း မက်(စ်)ကပဲ ဆောင်ရွက်ပေးတဲ့ ဗိုလ်ချုပ်လမ်းပိုင်းရှိပါတယ်။ အရည်အသွေးမပြည့်မီပါဘူး။ နိုင်လွန်ကတ္တရာခင်းထားခြင်းမဟုတ်တဲ့အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအတွက် ကျွန်မတို့ဟာ လမ်းပေါ်မှာ မျဉ်းဝါတွေ၊ မျဉ်းကြားတွေ၊ မီးပွိုင့်မှာ ယာဉ်ရပ်ဖို့မျဉ်းတွေ ရေးဆွဲလို့မရပါဘူး။ ဒါကြောင့်မို့လို့ ကျွန်မတို့ လူရှုပ်ထွေးတဲ့ပြည်မြို့မှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းဖို့အတွက်ဟာလည်း အလွန်ခက်ခဲပါတယ်။ နှစ်စဉ်ကြုံတွေ့ရတဲ့အခက်အခဲတစ်ခုကတော့ ကတ္တရာထပ်ပိုးလွှာခင်းပြီဆိုလို့ရှိရင် ဖုန်အရမ်းထရင် ကျောက်မှုန့်တွေကြောင့် ပြည်သူတွေကျန်းမာရေးထိခိုက်ရတယ်။ ယာဉ်တိုက်မှုတွေဖြစ်ပါတယ်။ ကျွန်မတို့ ဒါ နှစ်စဉ်နှစ်တိုင်း နှာခေါင်းစီးတွေကိုဝေတဲ့ Campaign တွေတောင် လုပ်ခဲ့ရတာ နှစ်နှစ်၊ သုံးနှစ်လောက်ရှိပါပြီ။ ဒါကြောင့်မို့လို့ ကျွန်မတို့ရဲ့မြို့တွင်းမှာ နိုင်လွန်ကတ္တရာခင်းသင့်ပါတယ်လို့ ကျွန်မမေးမြန်းခဲ့ပါတယ်။ အခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ စတင်ပြီးခင်းနေတာကိုတော့ တွေ့ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မ ပြည်သူများရဲ့ကိုယ်စား မေးမြန်းလိုတာကတော့ ဘတ်ဂျက်နှစ်တစ်နှစ်မှာ မြို့အတွင်းမိုင်ဘယ်လောက် ကျွန်မတို့ကို ပြုပြင်ပေးမှာလဲ။ မြို့ချင်းဆက်လမ်းတွေ မိုင်ဘယ်လောက်ပြုပြင်ပေးမှာလဲ။ လမ်းအကျယ်ဘယ်လောက်ချဲ့မှာလဲ သိချင်ပါတယ်။ ကတ္တရာထပ်ပိုးလား၊ ရိုးရိုးပဲခင်းမှာလား။ AC လို့ခေါ်တဲ့ နိုင်လွန်ကတ္တရာခင်းမှာလားဆိုတာ ပထမတစ်ချက်မေးလိုပါတယ်။ ဒုတိယတစ်ချက်အနေနဲ့ကတော့ စာချုပ်မှာ ဘယ်လောက်ရာခိုင်နှုန်း နိုင်ငံတော်ကို

ပေးဆောင်တာလဲ။ ကျွန်မတို့လမ်းထိန်းသိမ်းပြုပြင်ဖို့ ဘယ်လောက်သုံးတာလဲ။ ကုမ္ပဏီက ဘယ်လောက်အကျိုးအမြတ်ရရှိတာလဲ။ ဒါလည်း ကျွန်မသိချင်ပါတယ်။ နောက်ဆုံးအနေနဲ့တော့ ပြည်သူများဟာ အရည်အသွေးပြည့်တဲ့လမ်းတွေကို စိတ်ချမ်းသာ၊ အန္တရာယ်ကင်းစွာ အသုံးပြုနိုင်ဖို့ အတွက် ကျွန်မတို့ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ လမ်းဦးစီးဌာနဟာ ဒီ B.O.T စနစ်ယူထားတဲ့ ကုမ္ပဏီတွေကို အရည်အသွေးပြည့်လမ်းတွေ၊ လမ်းလိုအပ်ချက်တွေကို ဒီနှစ်ရှည်အတွင်းမှာ ပြုပြင် ထိန်းသိမ်းဖို့အတွက် ဘယ်လိုကြပ်မတ်ဆောင်ရွက်နေတယ်ဆိုတဲ့ အချက်ကိုလည်းသိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်မှ မေးမြန်းထားတဲ့ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ် B.O.T စနစ်ဖြင့် လုပ်ကိုင်ခွင့်ပေးထားသောလမ်းများ၏ အရည်အသွေးသည် ပြည်သူများပေးဆောင် နေရသည့် လမ်းအသုံးပြုခနှုန်းထားများနှင့် ထိုက်တန်မှုမရှိဖြစ်နေခြင်းများကို မည်ကဲ့သို့ စိစစ် ကြပ်မတ်ဆောင်ရွက်မည်ကို သိလိုခြင်းနဲ့စပ်လျဉ်းတဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရန်ကုန်-ပြည်လမ်းအပိုင်း ၁၅၈ မိုင် ၂ ဖာလုံ အား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မက်(စ်)ဟိုင်းဝေးကုမ္ပဏီလီမိတက်သို့ ၂၄-၁၂-၂၀၁၂ ရက်နေ့ မှစတင်၍ B.O.T စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုထားပါတယ်။ ပဋိညာဉ်စာချုပ်ပါစည်းကမ်းချက်များအရ B.O.T ဆောင်ရွက်ခွင့်ရရှိသော ကုမ္ပဏီအနေဖြင့် လမ်းအသုံးပြုခကောက်ခံရရှိတဲ့ငွေအပေါ်မှာ နိုင်ငံတော်ကိုပေးသွင်းရတဲ့ ဝင်ငွေခွန်နှုန်းထားတွေကတော့ ပထမဆုံးသုံးနှစ်မှာ ဝင်ငွေခွန်ကင်းလွတ် ခွင့်ပြုထားပြီးတော့ လေးနှစ်မှ ၁၃ နှစ်အထိ ပထမ ၁၀ နှစ်မှာ ၅ ရာခိုင်နှုန်း၊ ၁၄ နှစ်မှ ၂၃ နှစ်အထိ ဒုတိယ ၁၀ နှစ်မှာ ၁၀ ရာခိုင်နှုန်း၊ ၂၄ နှစ်မှ ၃၃ နှစ်အထိ တတိယ ၁၀ နှစ်မှာ ၁၅ ရာခိုင်နှုန်းနဲ့ ၃၄

နှစ်မှ အနှစ် ၄၀ အထိ စတုတ္ထ ခုနစ်နှစ်မှာ ၂၀ ရာခိုင်နှုန်းတို့ ဖြစ်ပါတယ်။ မက်(စ်)ဟိုင်းဝေး ကုမ္ပဏီလီမိတက်အနေနဲ့ ပဋိညာဉ်စာချုပ်အရ ၂၄-၁၂-၂၀၁၅ မှ ၃၁-၃-၂၀၁၇ ရက်နေ့အထိ ကောက်ခံရရှိတဲ့ ဝင်ငွေရဲ့ ၅ ရာခိုင်နှုန်းဖြစ်တဲ့ ကျပ် ၃၆၃.၆၅၁ သန်းကို နိုင်ငံတော်သို့ ပေးသွင်းရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူများအနေဖြင့် အချိန်တိုအတွင်းခရီးလမ်း ဖြောင့်ဖြူးချောမွေ့စွာသွားလာနိုင်သော အရည်အသွေးပြည့်မီသည့် လမ်းတစ်လမ်းဖြစ်ပေါ်လာစေရန် အတွက် ရန်ကုန်-ပြည်လမ်းပိုင်း၊ မိုင်(၂၂/၃)မှ(၁၈၀/၅)အထိ ၁၅၈ မိုင် ၂ ဖာလုံကို AC လမ်းခင်းခြင်း လုပ်ငန်းများကို တင်ပြပါအတိုင်း ရေးဆွဲဆောင်ရွက်သွားဖို့ ကုမ္ပဏီအားညွှန်ကြားထားပြီးဖြစ်၍ ကုမ္ပဏီအနေဖြင့် လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း ၂၉-၅-၂၀၁၇ ရက်နေ့မှာ ဝန်ခံကတိပြုထားပြီး ဖြစ်ပါတယ်။ ညွှန်ကြားထားမှုများကတော့ (က) မှော်ဘီ- တိုက်ကြီးအပိုင်း ၂၇ မိုင် ၅ ဖာလုံအား ၄၈ ပေအကျယ် ကွန်ကရစ်လမ်းချဲ့ခြင်းကို ၂၀၁၈ ခုနှစ် ဇွန်လတွင်လည်းကောင်း၊ ၄၈ ပေအကျယ် AC လမ်းခင်းခြင်းကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင်လည်းကောင်း အပြီးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ (ခ) တိုက်ကြီး- သာယာဝတီပိုင်း ၃၀ မိုင်အား ၄၈ ပေအကျယ် ကွန်ကရစ်လမ်းချဲ့ခြင်းကို ၂၀၂၀ ခုနှစ် ဇွန်လတွင်လည်းကောင်း၊ ၄၈ ပေအကျယ် AC လမ်းခင်းခြင်းကို ၂၀၂၁ ခုနှစ် မတ်လတွင်လည်းကောင်း အပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သာယာဝတီ-ပြည်အပိုင်း ၉၈ မိုင် ၅ ဖာလုံကို ၂၄ ပေအကျယ်ချဲ့၍ ကတ္တရာလမ်းခင်းခြင်းကိုတော့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှာ အပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်မြို့တွင်းလမ်းအပိုင်း ၂ မိုင်ကို ၄၈ ပေအကျယ် AC လမ်း ခင်းခြင်းလုပ်ငန်းကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှာ အပြီးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ B.O.T တိုးလ်ဂိတ်များအားလုံးတွင် လမ်းပိုင်းများအလိုက် စာချုပ်ပါအချက်အလက်များအတိုင်း ကောက်ခံရမည့်နှုန်းထား၊ ကောက်ခံရ မည့်ငွေကို ယာဉ်အမျိုးအစားအလိုက် တိတိကျကျပွင့်လင်းမြင်သာစွာ ဗွီနိုင်းဆိုင်းဘုတ်ကြီးများဖြင့် ရေးဆွဲဖော်ပြထားပါတယ်။ ခွင့်ပြုထားတဲ့(ယာဉ်+ကုန်)အလေးချိန် သတ်မှတ်ချက်ကိုလည်း ဗွီနိုင်း ဆိုင်းဘုတ်ကြီးများဖြင့် တိုးလ်ဂိတ်များအားလုံးမှာ ပွင့်လင်းမြင်သာစွာ ဖော်ပြထားပါတယ်။ B.O.T လမ်းပိုင်းပေါ်ရှိ တိုးလ်ဂိတ်များမှာ မြို့ဝင်ကြေးပေါင်း၍ ကောက်ခံခြင်းကို ရပ်ဆိုင်းထားရန် ညွှန်ကြား ထားပြီးဖြစ်၍ ယခုကောက်ခံမှုမရှိတော့ပါ။ မြို့ဝင်ကြေးကောက်ခံခြင်းသည် တိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် စည်ပင်သာယာရေးအဖွဲ့မှ လေလံပေး၍ ကုမ္ပဏီမှကောက်ခံနေခြင်းသာ

ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြထားသော အချက်တစ်ချက်ဖြစ်တဲ့ ပြည်မြို့တွင် ပြည်မြို့(အဝင်)တိုးလ်ဂိတ်၌ လမ်းအသုံးပြုခကောက်ခံခြင်းမှာ ဇီးကုန်းမြို့(မိုင်တိုင်-၁၃၁/၆)မှ ပြည်မြို့(မိုင်တိုင်-၁၈၂/၅)အထိ ၅၀ မိုင် ၄ ဖာလုံအတွက် အသုံးပြုခကောက်ခံခြင်းသာလျှင် ဖြစ်ပြီးတော့ ပြည်မြို့အထွက်တိုးလ်ဂိတ်အနေနဲ့ကတော့ ပြည်မြို့မှထွက်ခွာလာလျှင် (မိုင်တိုင်-၁၈၂/၅)မှ အောင်လံမြို့(မိုင်တိုင်-၂၂၀/၆)အထိ ၃၉ မိုင် လေးဖာလုံအတွက် လမ်းအသုံးပြုခ ကောက်ခံခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လမ်းအသုံးပြုခကို နှစ်ခါပေးဆောင်ရခြင်းမဟုတ်ပါ ကြောင်းနှင့် လမ်းအသုံးပြုခသည် လမ်းအပိုင်းအတိုင်း ပေးဆောင်ရခြင်းသာဖြစ်ပါကြောင်း တင်ပြလို ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်မြို့တွင်းလမ်း ၂ မိုင်ကိုလည်း စတင်ပြီးတော့ AC ခင်းနေပြီဖြစ်ရာ ၇-၆-၂၀၁၇ ရက်နေ့အထိ ၃ ဖာလုံပြီးစီးပြီဖြစ်ပါတယ်။ ပြီးစီးသည့်အပိုင်းများ မှာလည်း ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် မျဉ်းဝါ၊ မျဉ်းကြား၊ သတိပေးဆိုင်းဘုတ်များကို ပြည့်စုံစွာရေးဆွဲတပ်ဆင်ပေးသွားမှာဖြစ်ပါတယ်။ စီမံချက်ပါအတိုင်း လုပ်ငန်းများပြီးစီးလာသည်နှင့် အမျှ လမ်းချောမွေ့စွာသွားလာနိုင်မည်ဖြစ်၍ ယာဉ်မောင်းနှင်ချိန်မှာ တဖြည်းဖြည်းလျော့ကျလာမည် ဖြစ်ပါသဖြင့် လမ်းအသုံးပြုသူ ပြည်သူများအနေနဲ့ အချိန်ကုန်သက်သာစွာဖြင့် သွားလာနိုင်မှာဖြစ်ပါ တယ်။ သို့ဖြစ်ပါ၍ မက်(စ်)ဟိုင်းဝေးကုမ္ပဏီလီမိတက်မှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိတဲ့ ရန်ကုန်-ပြည်လမ်းပိုင်းအား အရည်အသွေးပြည့်မီသည့် လမ်းတစ်လမ်းဖြစ်ပေါ်လာစေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ စနစ်တကျကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာဒေါ်ခင်စိုးစိုးကြည်(ပြည်မဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။ အခုလိုရှင်းလင်းဖြေကြားပေးတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကို ကျေးဇူးတင်ရှိပါ တယ်။ ကျွန်မဆက်လက်ပြီးတော့ ဆက်စပ်မေးခွန်းလေး မေးချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အခုက ရန်ကုန်ကထွက်လာပြီး တိုက်ကြီးအပိုင်း သာယာဝတီ၊ နောက် သာယာဝတီကနေ ပြည်ပေါ့။ လမ်းရဲ့ပေအရှည်တွေကို ကျွန်မတို့ ချဲ့ပြီးတော့ ၄၈ ပေ၊ ၂၄ ပေခင်းပေးမှာဆိုတာကို ကျွန်မတို့ သိရှိရ တဲ့အတွက်လည်း ပြည်သူတွေရဲ့ကိုယ်စား အလွန်ပဲဝမ်းသာပါတယ်။ ကျွန်မဆက်စပ်မေးခွန်းအနေနဲ့ ပထမတစ်ချက်မေးလိုတာကတော့ ကျွန်မတို့ လမ်းအကျယ်တွေချဲ့လိုက်ပြီဆိုလို့ရှိရင် ရန်ကုန်-ပြည် လမ်းပိုင်းမှာ အသုံးပြုရတဲ့တံတားတွေနဲ့ပတ်သက်ပြီးတော့ ကျွန်မမေးမြန်းလိုပါတယ်။ Power Point

အသုံးပြုခွင့်ပေးပါရှင်။ ဒါဆိုရင် မင်းလှမြို့အနီးမှာရှိတဲ့ ကိုင်းမြစ်ကြီးတံတားဖြစ်ပါတယ်။ ဒါကို ကြည့်မယ်ဆိုလို့ရှိရင် တံတားက လမ်းထက်စာရင် အခုတောင်မှ တော်တော်လေးကျင်းနေပါတယ်။ အဲဒီအခါမှာ ကျွန်မတို့က တံတားပေါ်မှာ Accident တစ်ခုခု၊ ပြဿနာတစ်ခုခုဖြစ်တယ်ဆိုရင် အဲဒီလိုပဲ ကား ဆယ်ချီ၊ ရာချီ ပိတ်ဆို့မှုဖြစ်ပါတယ်။ ဒါ ပြည်သူတွေအမြဲကြုံတွေ့နေရတဲ့ပြဿနာတစ်ခုဖြစ်ပါတယ်။ ဒါကတော့ မင်းလှရဲ့တံတားဖြစ်ပါတယ်။ ဒါကတော့ အုတ်ဖိုမြို့ရဲ့အနီးမှာရှိတဲ့ လင်းလွန်းပင်တံတားဖြစ်ပါတယ်။ ဒါဆိုလည်း အဲဒီလိုပါပဲ။ ကားနှစ်စီးမရှောင်သာပါဘူး။ ဒါ အခုလက်ရှိ ကတ္တရာလမ်းနဲ့ အတိလောက်ပဲရှိတဲ့ တံတားအခြေအနေဖြစ်ပါတယ်။ ဒါဆိုလို့ရှိရင် ကျွန်မတို့က ဆက်စပ်ပြီးမေးလိုတာကတော့ ဟုတ်ပါပြီ။ ကျွန်မတို့ လမ်းတွေကို နိုင်လွန်ကတ္တရာလည်းခင်းမယ်။ (၄၈ ပေ x ၂၄ ပေ)လမ်းတွေကို ချဲ့ပြီးပြီဆိုလို့ရှိရင် ဒီလိုမျိုးအခက်အခဲ နည်းနည်းကျဉ်းမြောင်းနေတဲ့တံတားတွေကို မက်(စ်)ကုမ္ပဏီအနေနဲ့သော်လည်းကောင်း၊ ကျွန်မတို့ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ တံတားဦးစီးအနေနဲ့သော်လည်းကောင်း ကားနှစ်စီးရှောင်သာလောက် တကယ်ကို လမ်းနဲ့ကိုက်ညီမယ့် အဆင်ပြေမယ့်အခြေအနေအထိကို တံတားချဲ့ပေးဖို့ အစီအစဉ်ရှိပါသလားဆိုတာကို ကျွန်မတစ်ချက်အနေနဲ့ မေးလို ပါတယ်။ ဒုတိယတစ်ချက်အနေနဲ့ကတော့ ကျွန်မတို့ ပြည်ရဲ့မြို့တွင်း AC ခင်းပေးနေတာကို ကျေးဇူးအများကြီးတင်ပါတယ်။ သို့သော်လည်းပဲ မိုးတွင်းမှာ AC ခင်းတဲ့အခါ ဒီနိုင်လွန်ကတ္တရာသည် အရည်အသွေးပြည့် ဖြစ်နိုင်ပါသလားဆိုတာကို ပညာရှင်ဖြစ်တဲ့ ဒုတိယဝန်ကြီးကို ကျွန်မမေးလိုပါတယ်။ ကျွန်မသိလိုတာကတော့ ကျွန်မတို့ရဲ့ပြည်မြို့တွင်းလမ်းဟာ ၃ မိုင် ၆ ဖာလုံ ရှိတယ်လို့ ကျွန်မ ဒါ လမ်းဦးစီးဌာနကနေပြီးတော့ သိရှိရပါတယ်။ အခုဝန်ကြီးဖြေဆိုတဲ့နေရာမှာ နှစ်မိုင်ပဲ ခင်းပေးမယ်ဆိုတော့ ကျန်တဲ့ တစ်မိုင် ၆ ဖာလုံကို ဘယ်နှစ်မှာများ ဆက်ပြီးခင်းမှာလဲ။ တစ်ဆက်တည်း ခင်းကောခင်းပေးနိုင်မလားဆိုတဲ့အချက်ကို မေးမြန်းလိုပါတယ်။ ကျေးဇူးအများကြီး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနအနေနဲ့ ဆက်စပ်တဲ့မေးခွန်းကိုပဲ ဖြေကြားပေးပါ။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ မင်းလှမြို့အဝင် ကိုင်းမြစ်ကြီးတံတားနှင့် ကုက္ကိုမြို့အဝင် မင်းလွန်းပင်တံတား ကျဉ်းနေတာ မှန်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ ဒီတံတားများကို ချဲ့ဖို့အတွက်ကို မက်(စ်)ကုမ္ပဏီကို ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ပုံစံထုတ်ပြီးတော့မှ အမြန်ဆုံး အခုမိုးကုန်တာနဲ့ စတင်ဆောင်ရွက်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ နောက်

မေးခွန်းတစ်ခုဖြစ်တဲ့ မိုးတွင်းမှာ AC ခင်းတာမှာ အရည်အသွေးပြည့်မီမှာလားဆိုတဲ့မေးခွန်းဖြစ်ပါတယ်။ တကယ်တမ်းကျတော့ ကတ္တရာလုပ်ငန်းတွေဟာ မိုးရေနှင့် မထိတွေ့လေကောင်းလေပါပဲခင်ဗျား။ ဒီခြောက်သွေ့ရာသီမှာ လုပ်တာ အကောင်းဆုံးပါပဲ။ သို့သော်လည်းပဲ ဒီ AC လုပ်ငန်းကတော့ AC Plant ကနေ ထွက်လာပါတယ်။ AC ခင်းစက်မှာခင်းပါတယ်။ ဒီအချိန်မှာ မိုးမရွာတဲ့အချိန်မှာ လမ်းကိုခြောက်သွေ့အောင်လို့ ဆောင်ရွက်ထားပြီးပြီဆိုရင်တော့ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်နိုင်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ နောက်တစ်ချက်က ပြည်မြို့တွင်းက သုံးမိုင် ၆ ဖာလုံ ရှိတယ်။ ယခုက နှစ်မိုင်ပဲ ခင်းထားတယ်ဆိုတဲ့မေးခွန်းဖြစ်ပါတယ်ခင်ဗျား။ အခု နှစ်မိုင်ကလည်းပဲ ယာဉ်အသွားအလာအများဆုံး၊ တကယ့်မြို့လယ်ကောင်ကို အရင်ဦးစားပေးခင်းတာဖြစ်ပါတယ်ခင်ဗျား။ မြို့လယ်ကောင် ၂ မိုင်ခင်းတာပြီးသွားရင် ကျန်တဲ့ တစ်မိုင် ၆ ဖာလုံကို ဆက်လက်ခင်းပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ရခိုင်ပြည်နယ်ရှိ ဆောက်လုပ်ရေးလုပ်ငန်းတင်ဒါရရှိသူများထံမှ လုပ်ငန်းတန်ဖိုး၏ ၅ % ဖြတ်တောက်ကောက်ခံရရှိငွေအပေါ် လုပ်ငန်းတစ်ခုချင်းအလိုက် သိလိုခြင်း၊ ဤကဲ့သို့ရရှိငွေများကို အရည်အသွေး(QC)စစ်ဆေးရာတွင် မည်သို့သုံးစွဲခဲ့ပြီး လက်ကျန်ငွေမည်မျှရှိသည်ကို သိလိုခြင်းနှင့် ဤကဲ့သို့ကောက်ခံခြင်းသည် ဥပဒေနှင့်ညီ၊ မညီ သိလိုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းမှာကတော့ ကုန်ခဲ့တဲ့နှစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ရခိုင်ပြည်နယ်အစိုးရက တင်ဒါအောင်မြင်တဲ့ လုပ်ငန်းရှင်တွေဆီကနေပြီးတော့ လုပ်ငန်းတန်ဖိုးထဲက QC အရည်အသွေးစစ်ဆေးဖို့ အခဆိုပြီးတော့ ၅ ရာခိုင်နှုန်းစီဖြတ်တောက်ကောက်ခံပါတယ်။ အဲဒီလို ကောက်ခံဖို့အတွက်လည်းပဲ ပြည်နယ်အစိုးရရဲ့အောက်မှာ အရည်အသွေးစစ်ဆေးရေးအဖွဲ့ဆိုပြီးတော့ လူ ၂၀ ကျော်လောက်ပါဝင်တဲ့အဖွဲ့နဲ့ ဖွဲ့စည်းထားပါတယ်။ အမှန်က အရည်အသွေးစစ်ဆေးရေးအဖွဲ့ဆိုတာ တကယ့် Professional Engineer, Senior Engineer, Staff Engineer

တွေနဲ့ ဖွဲ့စည်းရမှာဖြစ်ပေမဲ့ အခုအဖွဲ့မှာတော့ ဌာနအငြိမ်းစားဝန်ထမ်းတွေ၊ ကျောင်းပြီးစ အင်ဂျင်နီယာပေါက်စလေးတွေနဲ့ ဖွဲ့ထားတာတွေ့ရလို့ ဒီအဖွဲ့က တကယ်တမ်းလုပ်နိုင်ပါမလားဆိုတာလည်း စိုးရိမ်မှုရှိပါတယ်။ ဒီတော့ ကျွန်တော်တို့အဲဒီလို လုပ်တဲ့အခါမှာ ငွေကြေးအားဖြင့် ၅ ရာခိုင်နှုန်း၊ လုပ်ငန်းတန်ဖိုး Estimate တွက်ချက်ပြီးတော့ လုပ်ငန်းတန်ဖိုးထဲက ၅ ရာခိုင်နှုန်းကို ဖြတ်တောက်တာဖြစ်ပါတယ်။ အဲဒီမှာ သူတို့အနေနဲ့ ကုန်သွယ်လုပ်ငန်းခွန်ဆိုတာလည်း ၅ ရာခိုင်နှုန်း ဖြတ်ခံထားရတာရှိပါတယ်။ ပြီးတော့ ဝင်ငွေခွန် ၂ ရာခိုင်နှုန်း၊ အခု ၅ ရာခိုင်နှုန်းဆိုတော့ ၁၂ ရာခိုင်နှုန်းအထိ အခွန်တွေဆောင်ထားရတာဖြစ်ပါတယ်။ ကျွန်တော်မေးကြည့်ပါတယ်။ လုပ်ငန်းရှင်တွေကို။ ခင်ဗျားတို့ အဲဒီလို ၁၂ ရာခိုင်နှုန်းထိကောက်ခံတယ်ဆိုရင် လုပ်ငန်းအရည်အသွေး၊ စံချိန်စံညွှန်းမီနိုင်ပါမလားလို့ မေးတဲ့အခါမှာ ဘယ်လိုမှမမီနိုင်ပါဘူး။ ကျွန်တော်တို့မှာ အခက်အခဲရှိပါတယ်။ ပြည်သူတွေကလည်း အဲဒီအပေါ်မှာ စိုးရိမ်ပါတယ်။ ကျွန်တော်မေးပါတယ်။ ဘာလို့အထက်ကို မတင်ပြတာလဲ။ ဒီလိုအခက်အခဲရှိနေတာကိုဆိုတော့ အဲဒီလိုတင်ပြရင် နောက်နှစ်တင်ဒါကို သူတို့ရဖို့မလွယ်ဘူးလို့ ပြောပါတယ်။ တင်ဒါဆိုတာက ကန်ထရိုက်လုပ်ထုံးလုပ်နည်းတွေ ရှိတာပဲ။ ကျွန်တော်အဲဒီလိုလည်း အားပေးပါတယ်။ ဒါပေမဲ့ ဆရာပြောတာက စာရွက်ပေါ်က လုပ်ထုံးလုပ်နည်းသာဖြစ်ပါတယ်။ မမြင်ရတဲ့ လုပ်ထုံးလုပ်နည်းတွေအများကြီးကျန်ပါသေးတယ်။ ရှိပါသေးတယ်လို့ ပြောပါတယ်။ ဘယ်လိုဖြစ်စေ ကျွန်တော်တို့အနေနဲ့ ဒီကိစ္စအပေါ်မှာစိုးရိမ်တာက အမှန်တကယ်အရည်အသွေး ပျက်ယွင်းဖို့အတွက်၊ ပျက်သွားတယ်ဆိုရင် ကျွန်တော်တို့ရဲ့လုပ်ဆောင်ချက်တွေဟာ ပြည်သူ့ဘဏ္ဍာတွေဟာ သဲထဲရေသွန်သလိုဖြစ်သွားနိုင်ပါတယ်။ ဒီတော့ ကျွန်တော်တို့က ဒီအပေါ်မှာ မေးခွန်းမေးစရာတွေလည်း အများကြီးပေါ်ပေါက်လာပါတယ်။ အများအကျိုးအတွက်ဖြစ်ပါတယ်။ ဒီတော့ မမြင်ရတဲ့လုပ်ထုံးလုပ်နည်းတွေထက် မြင်ရတဲ့ဥပဒေအတိုင်းပဲ လုပ်သွားတဲ့လုပ်ထုံးလုပ်နည်းတွေကို ကျွန်တော်တို့လိုချင်ပါတယ်။ ဒါကြောင့် ကျွန်တော်ကို Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒါကတော့ မြို့ပြနှင့် အိမ်ရာဦးစီးဌာနက နေပြီးတော့ ရခိုင်ပြည်နယ်အစိုးရကို QC ၅ ရာခိုင်နှုန်းဖြတ်တောက်ပြီးတော့ အခွန်ပေးဆောင်ရတာဖြစ်ပါတယ်။ အရည်အသွေးထိန်းသိမ်းရေးအဖွဲ့ကို ပေးတာပါ။ အစိုးရကို တိုက်ရိုက်ပေးတာမဟုတ်ပါဘူး။ ဒါက ငွေလက်ခံရရှိကြောင်း အဲဒီအဖွဲ့က ပေးတဲ့ပြေစာဖြစ်ပါတယ်။ ဒါတွေကတော့ သူတို့လုပ်ငန်းတစ်ခုချင်းအလိုက် ၅ ရာခိုင်နှုန်းကောက်ခံခဲ့တာဖြစ်ပါတယ်။ ဒါကလည်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနကပဲ ဒုတိယအရစ်သွင်းတာဖြစ်ပါတယ်။ ဒါက လက်ခံဖြတ်ပိုင်းဖြစ်ပါတယ်။

ဒီတော့ ကျွန်တော်တို့က အဲဒီလို မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက။ နှစ်ခုပေါင်းပေါ့နော်။ ကျွန်တော်သိတာတော့ နှစ်ဖြတ်ပဲ ကျွန်တော်သိတယ်။ နောက်လည်း ရှိဦးမလားတော့ မပြောတတ်ဘူး ပေါ့။ အဲဒီမှာ အကုန်လုံး သန်း ၂၀၀ လောက်သွင်းရပါတယ်။ မြို့ပြနှင့်အိမ်ရာဦးစီးဌာနဆိုတာ တကယ် တော့ တော်တော့်ကို ခွင့်ပြုချက်နည်းတဲ့ဌာနဖြစ်ပါတယ်။ အခြား ဆည်မြောင်းတို့၊ ကျန်းမာရေးတို့၊ ပညာရေးတို့၊ တကယ့် Heavy ကျေးလက်တို့ရှိပါသေးတယ်။ အဲဒီအပေါ်မှာလည်း ကျွန်တော်တို့ ဘယ်လောက်ရတယ်ဆိုတာကို ကျွန်တော်တို့မှာ ပွင့်လင်းမြင်သာမှုမရှိပါဘူး။ ဒါကြောင့် ကျွန်တော်တို့ အနေနဲ့ ဒီကိစ္စမှာ တကယ်တမ်း ဖြစ်သင့်၊ ဖြစ်ထိုက်တဲ့ကိစ္စတွေဖြစ်လာနိုင်ဖို့အတွက် ဒီလောက်များပြား တဲ့ ၅ ရာခိုင်နှုန်းဖြတ်တော်ငွေတွေကို ဘယ်မှာသုံးစွဲတယ်ဆိုတာလည်း ပွင့်လင်းမြင်သာသိနိုင်ဖို့ အတွက် အောက်ပါမေးခွန်းတွေကို မေးမြန်းအပ်ပါတယ်။ (၁) ရခိုင်ပြည်နယ်အစိုးရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ရခိုင်ပြည်နယ်မှာ တည်ရှိတဲ့လုပ်ငန်းတင်ဒါများထံမှရရှိတဲ့လုပ်ငန်းတန်ဖိုးငွေ ၅ ရာခိုင်နှုန်း ဖြတ်တောက်ကောက်ခံမှုအပေါ်မှာ လုပ်ငန်းတစ်ခုချင်းအလိုက် သိလိုပါတယ်။ ဤကဲ့သို့ အရည်အသွေး QC စစ်ဆေးရာတွင် မည်ကဲ့သို့သုံးစွဲပြီး လက်ကျန်ငွေမည်မျှရှိသည်ကို သိရှိလိုပါ တယ်။ ဤကဲ့သို့ကောက်ခံခြင်းသည် ဥပဒေနှင့် ညီ/မညီ သိလိုပါတယ်။ ဥပဒေနှင့်မညီပါက မည်သို့ အရေးယူဆောင်ရွက်သွားမည်ဆိုတာလည်း သိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဖေသန်းမှ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ မေးမြန်းထားတဲ့ (၁) ရခိုင်ပြည်နယ်အစိုးရ က ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ရခိုင်ပြည်နယ်ရှိ တည်ဆောက်ရေးလုပ်ငန်းတင်ဒါရရှိသူများ ထံမှ လုပ်ငန်းတန်ဖိုး၏ ၅ ရာခိုင်နှုန်းဖြတ်တောက်ကောက်ခံရရှိငွေအပေါ် လုပ်ငန်းတစ်ခုချင်းအလိုက် သိရှိလိုခြင်း၊ (၂) ဤကဲ့သို့ရရှိငွေများကို အရည်အသွေး(QC)စစ်ဆေးရာတွင် မည်ကဲ့သို့သုံးစွဲခဲ့ပြီး လက်ကျန်ငွေ မည်မျှကျန်ရှိသေးသည်ကို သိရှိလိုခြင်း၊ (၃) ဤကဲ့သို့ကောက်ခံခြင်းသည် ဥပဒေနှင့် ညီ/မညီ သိရှိလိုခြင်းနှင့် ဥပဒေနှင့်ညီသည်ဆိုပါက မည်သည့်ဥပဒေ၊ ပုဒ်မနှင့် ညီညွတ်ကြောင်းနှင့် မညီပါက မည်သို့ဤကဲ့သို့လုပ်ဆောင်ချက်များအပေါ် မည်သို့အရေးယူဆောင်ရွက်သွားရန်ရှိကြောင်း

သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တည်ဆောက်ရေးလုပ်ငန်းများကို အကောင်အထည် ဖော်ရာ၌ နည်းပညာအသုံးပြုပြီး စနစ်တကျပြီးစီးရေး၊ ကျွမ်းကျင်သောကန်ထရိုက်အဖွဲ့အား ရွေးချယ် တာဝန်ပေးအပ်နိုင်ရေး၊ စောင့်ကြည့်စစ်ဆေးသောအဖွဲ့များ စီမံထားရှိနိုင်ရေးတို့သည် အရေးကြီးသော ကိစ္စရပ်များဖြစ်ပါတယ်။ ပြည်သူ့ငွေဖြင့် ဆောင်ရွက်ရသော ဒေသန္တရဖွံ့ဖြိုးရေးကိစ္စရပ်များတွင် ပြည်နယ်အစိုးရသည် စီမံခန့်ခွဲကြီးကြပ်သူအဖြစ်ပါဝင်ရပြီး နိုင်ငံတော်၏မူဝါဒများနှင့်အညီ အထက်ပါ ကိစ္စရပ်များကို စနစ်တကျစီမံဆောင်ရွက်ခြင်း၊ အကြံပေးအဖွဲ့(Consultant)ငှားရမ်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ရာတွင် အရည်အသွေးစိစစ်ရေးကော်မတီဖွဲ့စည်း၍ ရခိုင်ပြည်နယ်အနှံ့ရှိ တည်ဆောက်ရေးလုပ်ငန်းများကို လိုက်လံစစ်ဆေးလျက်ရှိသော်လည်း ကော်မတီ အနေဖြင့် မိမိဌာနလုပ်ငန်းတာဝန်များရှိနေခြင်းကြောင့် အချိန်ပြည့်စောင့်ကြည့်ရန် ခက်ခဲခြင်း၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှုမရှိခြင်းတို့ကြောင့် ထိရောက်စွာ မစစ်ဆေးနိုင်ခြင်းတို့ ဖြစ်ပေါ်ခဲ့သဖြင့် ကျွမ်းကျင် အင်ဂျင်နီယာအဖွဲ့ဖြင့် စစ်ဆေးကြပ်မတ်နိုင်ရန်အတွက် အရည်အသွေးစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ အဆိုပါအဖွဲ့မှာ ဌာနမှ အတွေ့အကြုံရှိတဲ့ အငြိမ်းစား အင်ဂျင်နီယာများနဲ့ အင်ဂျင်နီယာဘွဲ့ရဒေသခံလူငယ်များကို ခရိုင်/မြို့နယ်များရှိ တည်ဆောက်ရေး လုပ်ငန်းကော်မတီအဖွဲ့များနှင့်ပေါင်းစပ်၍ မြေပြင်အရောက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိပါ တယ်။ ကွင်းဆင်းစစ်ဆေးစဉ် ခရီးစရိတ်၊ စားစရိတ်၊ တည်းခိုစရိတ်၊ လစာနှင့် စစ်ဆေးရေးကိရိယာများ ဝယ်ယူရေးအတွက် ဒေသန္တရဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်ရန်ပုံငွေနှင့် ပြည်ထောင်စုရန်ပုံငွေပါ လုပ်ငန်းများထဲမှ ၂.၅ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအထိ ဖြတ်တောက်ကောက်ခံသုံးစွဲလျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ပုံငွေများကို ဖြတ်တောက်ကောက်ခံသုံးစွဲရာမှာ ကျွမ်းကျင်တဲ့ငွေစာရင်းတာဝန်ခံများ ခန့်အပ်၍ စာရင်းစစ်ဆေးခံနိုင်သည်အထိ စီမံဆောင်ရွက်ထားပြီး ဆောင်ရွက်မှုအခြေအနေအား ပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြအတည်ပြုပြီး သုံးစွဲခြင်း ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီများဆောင်ရွက်သည့်လုပ်ငန်းများမှ ကျပ် ၁၃၈၄.၆၇ သန်း ဖြတ်တောက်ကောက်ခံရရှိထားပြီး ၃/၂၀၁၇ လအထိ ကျပ် ၄၂၈.၇၃ သန်း သုံးစွဲခဲ့ သဖြင့် ကျပ် ၉၅၅.၉၄ သန်းစာရင်းပိတ်လက်ကျန်ငွေအဖြစ် ဘဏ်တွင် ကျန်ရှိလျက်ရှိပါတယ်။ အထက် ဖော်ပြပါဒေသန္တရဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်ရန်ပုံငွေနှင့် ပြည်ထောင်စုရန်ပုံငွေများထဲမှ

ဖြတ်တောက်ကောက်ယူမှုနှင့်ပတ်သက်၍ တည်ဆောက်ရေးလုပ်ငန်းများတွင် အရည်အသွေးစစ်ဆေးရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ နိုင်ငံတော်သမ္မတရုံး၏အတည်ပြုချက်ဖြင့် ထုတ်ပြန်ထားတဲ့ ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန် စာအုပ်အပိုဒ် ၃၆ တွင် (Quality Control) အရည်အသွေးစစ်ဆေးခြင်းများကို လိုအပ်သလို ဆောင်ရွက်ရမည်ဖြစ်ပြီး လုပ်ငန်းတန်ဖိုးအလိုက် ကျပ်သန်း ၁၀၀၀ အောက် ၈ ရာခိုင်နှုန်း၊ ကျပ်သန်း ၁၀၀၀ မှ ၂၀၀၀ အထိ ၇ ရာခိုင်နှုန်း၊ ကျပ်သန်း ၂၀၀၀ အထက် ၆ ရာခိုင်နှုန်း သုံးစွဲနိုင်ကြောင်း ထည့်သွင်းဖော်ပြထားသဖြင့် အဆိုပါလမ်းညွှန်ချက်နှင့်အညီ စနစ်တကျဖွဲ့စည်းစစ်ဆေးသုံးစွဲ ဆောင်ရွက်ခြင်းသာဖြစ်ပါကြောင်းနှင့် ပိုလျှံငွေများရှိပါက ပြည်နယ်အတွက်လိုအပ်သော ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ဖြည့်စွက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အခုလို ဒုတိယဝန်ကြီးအနေနဲ့ ဖြေကြားပေးတာကိုလည်း ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ပြည်နယ်အစိုးရအဖွဲ့ကိုယ်စားဆိုတော့ ကျွန်တော်တို့ မေးတဲ့မေးခွန်းမှာ လုပ်ငန်းတစ်ခုချင်းအလိုက် မဖော်ပြနိုင်ဘဲ ရတဲ့ငွေကို လုံးပြီးတော့ပေါ့နော်၊ သိန်းပေါင်း ၁၃၈၀၀ ကျော် ရတယ်။ သိန်းပေါင်း ၄၂၀၀ ကျော် သုံးတယ်။ ကျန်တာက သိန်းပေါင်း ၉၅၀၀ ကျော်ကျန်တယ်ဆိုပြီး တော့ ပြောထားတာတွေ့ပါတယ်။ ဒီအပေါ်မှာ ပြည့်ပြည့်စုံစုံလေး မဖြေနိုင်တာကတော့ အားနည်းချက် ဖြစ်ပါတယ်။ နောက်တစ်ခု ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြဋ္ဌာန်းထားတဲ့ ကန်ထရိုက်လုပ်ငန်းအပိုဒ် ၃၆ ကို ညွှန်းပြီးတော့ ပြောသွားပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ၈ ရာခိုင်နှုန်းအထိ ကောက်နိုင် တယ်ဆိုပြီး သူကပြောတော့ ၅ ရာခိုင်နှုန်းကောက်တာတောင် သနားလို့ဆိုတဲ့သဘောမျိုး ဖြစ်နေပြီ။ ဒီလောက်များပြားတဲ့ငွေကို ကောက်ရင် လုပ်ငန်းလုပ်တဲ့အခါမှာ ဝင်ငွေခွန်ရှိတယ်။ ပြီးတော့ အခုနက ကျွန်တော်ပြောတဲ့ ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းရှိတယ်။ QC ၅ ရာခိုင်နှုန်း။ အဲဒီလို နုတ်လိုက် မယ်ဆိုရင် မူလခန့်မှန်းတွက်ချက်ထားတဲ့ တန်ဖိုးအပေါ်မှာ တန်ဖိုးလျော့သွားပြီးတော့ အရည်အသွေး မီနိုင်တဲ့လုပ်ငန်းတွေ မဖြစ်လာနိုင်ပါဘူး။ အဲဒါကြောင့် အဲဒီလိုဖြစ်တဲ့လုပ်ငန်းတွေကို Estimate ထဲက ထုတ်နုတ်သုံးစွဲတာလား။ ဒါမှမဟုတ် အဲဒီအထဲမှာ ထပ်ဆောင်းပြီးတော့ ပေါင်းထည့်ပြီးတော့မှ ဒီငွေ တွေအတွက် ပေါင်းထည့်ပေးတာရှိသလားဆိုတာ တစ်ချက်မေးချင်ပါတယ်။ နောက်တစ်ချက်က အရည်အသွေးစစ်ဆေးရေးအဖွဲ့တွေက စစ်ဆေးရေးပစ္စည်းတွေကို ဝယ်ပြီးတော့ သူတို့စစ်ဆေးရတယ်

လို့ပြောပါတယ်။ ဒါပေမဲ့ စစ်ဆေးရေးအဖွဲ့အသုံးအဆောင်ဆိုတာ ဘာပစ္စည်းတွေဆိုတာ ကျွန်တော် မသိဘူး။ တူတွေ၊ တူရွင်းတွေ ဖြစ်နိုင်ပါတယ်။ Laptop မရှိဘူး သူတို့မှာ။ အဲဒီလို ခဏတာလေး သွားပြီးတော့ ကြည့်လိုက်ရုံနဲ့ အဲဒီလုပ်ငန်းဘယ်လိုကောင်းတယ်ဆိုတာ မသိနိုင်ပါဘူး။ အထဲမှာ သံချောင်းဘယ်လောက်ရှိတယ်။ သံချောင်းအရည်အသွေး၊ အရေအတွက် ဘယ်လောက်ရှိတယ်။ ကွန်ကရစ်က အချိုးအစားဘယ်လောက်ရှိတယ်။ ဘယ်လိုမှမသိနိုင်ပါဘူး။ ရောက်တဲ့အခါမှာ၊ သွားတဲ့အခါမှာလည်း ဟန်ပြသဘောမျိုးပဲ ကျွန်တော်တို့ မြေပြင်မှာတွေ့ပါတယ်။ သူတို့ကုမ္ပဏီက ကားနဲ့ခေါ်တယ်။ ကားနဲ့ပြန်ပို့တယ်။ ကျွေးတာမွေးတာစားတယ်။ လက်ဆောင်ယူပြီး ပြန်လာကြတယ်။ အဲဒီလို စစ်ဆေးနည်း၊ စစ်ဆေးဟန်ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီလိုစစ်ဆေးပြီးတော့ လုပ်ငန်းအပ်နှံပြီး တဲ့အခါမှာ တကယ်လို့များပျက်သွားရင်၊ ကာလအချိန်သတ်မှတ်ချက်မတိုင်ဘဲ ပျက်သွားမယ်ဆိုရင် ဘယ်သူ့မှာတာဝန်ရှိသလဲ။ ပြည်သူ့ငွေနဲ့၊ ကုမ္ပဏီက စိုက်ထုတ်ထားတဲ့ငွေ၊ ပြည်သူ့ငွေနဲ့ ဒီအဖွဲ့ကို ငှားထားတာဖြစ်ပါတယ်။ ဒီအဖွဲ့က စစ်ဆေးပြီးပြီ။ Pass ပေးလိုက်တယ်။ စစ်ဆေးရေးဒီဟာတွေကို အပ်နှံပြီး၊ လုပ်ငန်းအပ်နှံတဲ့အခါမှာ ပျက်သွားမယ်ဆိုရင် ဘယ်သူ့မှာတာဝန်ရှိသလဲ။ ကုမ္ပဏီမှာ တာဝန်ရှိသလား။ စိစစ်ရေးအဖွဲ့မှာတာဝန်ရှိသလား။ အဲဒါလည်း ကျွန်တော်သိချင်ပါတယ်။ နောက် တစ်ချက်က နောင်လာမဲ့ဘဏ္ဍာရေးနှစ်များမှာ အဲဒီလိုအရည်အသွေးကောင်းမွန်ဖို့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနက တင်ဒါခေါ်ယူတဲ့အခါမှာ လိုအပ်ချက်တွေအတွက် ဘယ်လိုများ လျှော့ပေါ့ပြီးတော့ လုပ်ဆောင်သွားမလဲ။ ဘယ်လိုအကောင်းဆုံးစီမံဆောင်ရွက်သွားမလဲ အဲဒါတွေ လည်းတစ်ချက်။ ဒီသုံးချက်လေး ဖြေပေးပါလို့ တစ်ဆက်တစ်စပ်မေးခွန်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီဆက်စပ်မေးခွန်းကို ဖြေတဲ့အခါမှာ ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်က ညွှန်ကြားထားတဲ့ တင်ဒါခေါ်ယူတဲ့ စည်းမျဉ်းစည်းကမ်း။ ပြီးလို့ရှိရင် Third Party ဖြစ်တဲ့ Quality Control စစ်တဲ့အဖွဲ့ရှိတာ/မရှိတာနဲ့။ လုပ်ငန်းအပ်နှံသူနဲ့၊ လုပ်ငန်းအပ်သူနဲ့ ပေါင်းပြီးတော့ လုပ်တာနဲ့ ဘယ်ဟာက အကျိုးရှိတယ်၊ မရှိဘူးဆိုတာ ညွှန်ကြားချက်အတိုင်း တိတိကျကျပြန်လည်ဖြေကြားပေး ပါ။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်း ပထမတစ်ခုဖြစ်တဲ့ လုပ်ငန်းဖော်ပြထားချက်မှာ ရခိုင်ပြည်နယ် အစိုးရက ပြန်ကြားလာတဲ့စာအရ ၁၃၈၄.၆၇ သန်းဖြတ်တောက်ပြီးတော့ လက်ကျန်ငွေ ၉၅၅ သန်း၊

သုံးစွဲငွေ သန်း ၄၀၀ ကျော်ဆိုတာတော့ အသေးစိတ်စာရင်းကတော့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က သူတို့မှာရှိပါကြောင်း သူတို့အကြောင်းပြန်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် ထပ်မံတောင်းခံပြီးတော့ ကိုယ်စားလှယ်တော်ကြီးကို အသေးစိတ်စာရင်းပေးပါမည့်အကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ မေးခွန်း(၂)ဖြစ်တဲ့ အစောနက ၅ ရာခိုင်နှုန်း ဖြတ်တောက်ခြင်းသည် ထပ်မံပြီး ရန်ပုံငွေတောင်းခံမှာလားဆိုတဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့ ပြောရရင်တော့ ဒီဟာသည် မူလဘတ်ဂျက်ထဲမှာပါတဲ့အထဲကပဲ ၅ ရာခိုင်နှုန်းကို ကျခံရမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ နောက်တစ်ချက်ဖြစ်တဲ့ အဆောက်အဦပျက်စီးသွားလို့ရှိရင် ကုမ္ပဏီမှာတာဝန်ရှိသလား။ QC စစ်ဆေးတဲ့အဖွဲ့မှာ တာဝန်ရှိသလားဆိုတာနဲ့ပတ်သက်ပြီး ဖြေကြားရမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့နိုင်ငံက ethics လိုက်နာရပါတယ်ခင်ဗျား။ ethics အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းရဲ့ စည်းမျဉ်းစည်းကမ်းများလည်းဖြစ်တဲ့အတွက် ဒီရဲ့လမ်းညွှန်ချက်အတိုင်း ကျွန်တော်တို့က ဆောင်ရွက်ရတာဖြစ်တဲ့အတွက် ဒီကန်ထရိုက်တာသည် စာချုပ်စာတမ်းအရ ကန်ထရိုက်တာသည် အလုံးစုံတာဝန်ရှိတဲ့အဖွဲ့အစည်းဖြစ်ပါတယ်။ ပျက်စီးသွားတယ်ဆိုလို့ရှိရင်လည်း ကန်ထရိုက်တာသည် အဓိကတာဝန်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ နောင်လာမယ့်နှစ်များမှာ Quality ပြည့်မီရန်အတွက် မည်ကဲ့သို့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားထားကြောင်းနှင့်ပတ်သက်ပြီးတော့ အကျဉ်းချုပ်တင်ပြခွင့်ပြုပါခင်ဗျား။ အရေးကြီးတာက Quality Oriented တဲ့အချိန်မှာ Quality ကောင်းမွန်ရေးဟာ အင်မတန်အရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ အခုတင်ဒါစည်းမျဉ်းစည်းကမ်းများမှာ ညွှန်ကြားချက်ထုတ်ပြန်ထားပါတယ်။ Two Envelope System နဲ့ သွားပါမယ်။ ပထမစာအိတ်၊ ဒုတိယစာအိတ်။ ပထမစာအိတ်မှာ Technical ကို ကျွန်တော်တို့က စိစစ်ရပါမယ်။ လျှောက်တဲ့ကုမ္ပဏီတွေက ၁၀၀ လောက်ရှိတယ်။ Technical အောင်တဲ့ကုမ္ပဏီ ၆၀ ဆိုရင် အဲဒီ ၆၀ ကိုပဲ ဒုတိယအကြိမ် လုပ်ငန်းပြိုင်ဆိုင်တဲ့အချိန်မှာ ခွင့်ပြုရမှာဖြစ်ပါတယ်။ အဲဒီအချိန်မှာလည်းပဲ ကျွန်တော်တို့က ကြမ်းခင်းဈေး၊ အနိမ့်ဆုံးကြမ်းခင်းဈေးနဲ့ အမြင့်ဆုံးကြမ်းခင်းဈေး နှစ်ခုထားပြီးတော့ အမြင့်ဆုံးကြမ်းခင်းဈေးထက်ကျော်လွန်ရင်လည်း ရွေးလို့မရပါဘူးခင်ဗျား။ အနိမ့်ဆုံးကြမ်းခင်းဈေးထက်အောက်ဆိုရင်လည်း Quality မမီမှာဖြစ်တဲ့အတွက်၊ ရွေးလို့မရတာဖြစ်တဲ့အတွက် အဲဒီအထဲမှာ အနိမ့်ဆုံးပေးနိုင်တဲ့ကုမ္ပဏီကိုရွေးချယ်ဖို့၊ အဲဒီကြမ်းခင်းဈေးနှစ်ခုကိုလည်း တရားဝင်ကြိုတင်ကြေညာထားဖို့ ညွှန်ကြားထားပြီးဖြစ်ပါ တယ်ခင်ဗျား။ ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပေးတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

## ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၂၃)ရက်မြောက်နေ့တွင် တင်သွင်းခဲ့တဲ့ စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ၃၀-၆-၂၀၁၇ ရက် (သောကြာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့သော်လည်း အမည်စာရင်းတင်သွင်းသူ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ယခု စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်များရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန် စီးပွားရေးနှင့်ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်ကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဒေါ်ကြည်မို့မို့လွင်(အဖွဲ့ဝင်၊ စီးပွားရေးနှင့် ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**
။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကံကောင်းခြင်းများစွာ ပိုင်ဆိုင်နိုင်ပါစေ။ ကျွန်မကတော့ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့်ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် စဉ့်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ကြည်မို့မို့လွင် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များရှင်။ စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေး ကော်မတီရဲ့ အစီရင်ခံစာကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့(၂၃)ရက်မြောက်နေ့မှာ ဖတ်ကြားခဲ့ပြီးဖြစ်ပါတယ်။ စီးပွားရေးနှင့်ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေနဲ့ နိုင်ငံတော်ရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများမှာ တစ်ဖက်တစ်လမ်းက ဆက်လက်ကူညီဆောင်ရွက်နေမှာ ဖြစ်ပါတယ်။ ကော်မတီအနေနဲ့ သက်ဆိုင်တဲ့ဥပဒေများကိုလည်း စဉ်ဆက်မပြတ်သုံးသပ်လေ့လာလျက်ရှိပြီး လိုအပ်ပါက ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊ ပြဋ္ဌာန်းခြင်းများကို လွှတ်တော်သို့ တင်သွင်းလုပ်ဆောင်သွားမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ စီးပွားရေးနှင့်ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့

အစီရင်ခံစာကို လွှတ်တော်ကြီးမှ သဘောတူလက်ခံပေးပါရန် အဆိုကို လေးစားစွာတင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါ့မယ်။ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၂၁)ရက်မြောက်နေ့တွင် တင်သွင်းခဲ့တဲ့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်သုံးဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး ဆွေးနွေးရန်ဖိတ်ခေါ်ပါတယ်။

**ဦးမြတ်လေးဦး(ထီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ထီးလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လေးဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့အစီရင်ခံစာမှာ လုပ်ငန်းဆောင်ရွက်မှုအနေနဲ့ ဥပဒေများဆောင်ရွက်မှု၊ အစည်းအဝေးကျင်းပမှု၊ တိုင်ကြားစာများ အပေါ်ဆောင်ရွက်ထားမှု၊ လွှတ်တော်တွင် မေးခွန်းများမေးမြန်းမှု၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်တွေ့ဆုံမှု၊ ပြည်ပခရီးသွားရောက်မှု၊ ပြည်တွင်းအခမ်းအနားများနှင့် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများတက်ရောက်မှုဆိုပြီးတော့မှ တင်ပြထားတာကို တွေ့ရပါတယ်။ အဲဒီနေရာမှာ ဥပဒေများ ဆောင်ရွက်မှုကလွဲလို့ ကျန်တဲ့ဆောင်ရွက်ချက်တွေဟာ ပေးအပ်ထားတဲ့ ကော်မတီရဲ့တာဝန်

ခုနှစ်ရပ်ကို ပံ့ပိုးမှုအားနည်းနေသေးကြောင်း တွေ့နေရပါတယ်။ ဒါကြောင့်မို့လို့ ကော်မတီအနေနဲ့ တစ်နှစ်တာကာလအတွင်းမှာ ကော်မတီရဲ့တာဝန်တွေကို ဘယ်လောက်ထိဆောင်ရွက်နိုင်ခဲ့သလဲဆိုတာ အသေအချာပြန်လည်သုံးသပ်သင့်ကြောင်း အကြံပြုတင်ပြလိုပါတယ်။ ကော်မတီရဲ့တာဝန်မှာပါတဲ့ သဘာဝဝန်းကျင်ဆိုင်ရာ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး၊ သဘာဝသယံဇာတပစ္စည်းများကို စနစ်တကျထုတ်ယူသုံးစွဲနိုင်ရေး၊ သဘာဝသယံဇာတပစ္စည်းများထုတ်ယူတဲ့နေရာမှာ ဂေဟစနစ်မပျက်သုဉ်းစေရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာမပျက်ယွင်းစေရေး အစရှိတဲ့ကိစ္စတွေကို ကူညီဆောင်ရွက်မယ်လို့ အဆိုပြုထားတာတွေ့ရပါတယ်။ အဲဒီတာဝန်တွေကို ဆောင်ရွက်တဲ့နေရာမှာ အတော်လေး အားနည်းနေသေးကြောင်းနှင့် အားစိုက်ဆောင်ရွက်ဖို့လိုကြောင်း အကြံပြုတင်ပြလိုပါတယ်။ ဒ့ါအပြင် ကော်မတီအနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေရဲ့ မူဝါဒ၊ ရည်မှန်းချက်တွေ၊ လုပ်ငန်းစဉ်တွေကို သေချာလေ့လာပြီးတော့မှ အထက်ကတင်ပြခဲ့တဲ့ ကော်မတီရဲ့တာဝန်တွေကို အတတ်နိုင်ဆုံးဆောင်ရွက်သင့်ကြောင်း တင်ပြလိုပါတယ်။ ဒ့ါအပြင် ကော်မတီအနေနဲ့ အစိုးရရဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေရဲ့ မူဝါဒနှင့်လုပ်ငန်းစဉ်တွေကို ကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်အောင် ထိထိရောက်ရောက် ကူညီနိုင်ဖို့အတွက် အစည်းအဝေးတွေလုပ်ရုံ၊ အလုပ်ရုံဆွေးနွေးပွဲတွေလုပ်ရုံနဲ့ မလုံလောက်နိုင်ပါဘူး။ ကော်မတီရဲ့နာမည်ကိုက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ဖြစ်ပါတယ်။ Field နှင့်ကင်းကွာလို့မရပါဘူး။ ဒါကြောင့်မို့လို့ ကော်မတီအနေနဲ့ တာဝန်ကိုကျေပွန်အောင် ဆောင်ရွက်နိုင်ဖို့အတွက် Field ကို များများဆင်းပေးဖို့လိုကြောင်း ကျွန်တော့်အနေနဲ့တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ သစ်တောမြေတွေ၊ သဘာဝနယ်မြေတွေကို ကွင်းဆင်းပြီးတော့မှ လေ့လာမှုတွေ၊ စစ်တမ်းကောက်ယူမှုတွေပြုလုပ်ပြီး ထိရောက်စွာဆောင်ရွက်သင့်ကြောင်း ကျွန်တော့်အနေနဲ့ အကြံပြုတင်ပြလိုပါတယ်။ ဒ့ါအပြင် ယခုဒုတိယအကြိမ်လွှတ်တော်ကြီးမှာ ဆွေးနွေးခဲ့ကြတဲ့ အဆိုတွေထဲမှာ သဘာဝဝန်းကျင်ထိန်းသိမ်းရေးနဲ့ဆိုင်တဲ့အဆိုတွေအများကြီးပါပါတယ်။ မကွေးတိုင်းဒေသကြီး အနောက်ခြမ်းသစ်တောပြုန်းတီးမှုကာကွယ်ရေး၊ စီမံကိန်းတွေကို ပြန်လည်သုံးသပ်ပြီးတော့မှ သဘာဝဝန်းကျင်ကို ပြန်လည်ပြုစုပျိုးထောင်ရေး၊ ဝါးစိုက်ပျိုးရေး၊ Green Land စီမံကိန်း အကောင်အထည်ဖော်ရေးအဆိုနဲ့ အင်းလေးကန်ဒေသရေရှည်တည်တံ့ရေးအဆို စတဲ့အဆိုတွေဟာ သဘာဝဝန်းကျင်ထိန်းသိမ်းရေးနဲ့ဆိုင်တဲ့ အဆိုတွေပဲဖြစ်ပါတယ်။ အဲဒီအဆိုတွေကို အတည်ပြုတာတွေ၊ မှတ်တမ်းတင်စောင့်ကြည့်တာတွေ ကျွန်တော်တို့တွေ့ရပါတယ်။ အဲဒီအဆိုတွေနဲ့ ပတ်သက်ပြီးတော့မှ အစိုးရဝန်ကြီးဌာနအနေနဲ့ ဘယ်လောက်ထိ

အကောင်အထည်ဖော်ဆောင်ရွက်နေသလဲဆိုတာတွေကို ကျွန်တော်တို့ကော်မတီအနေနဲ့ လေ့လာသင့်ပါတယ်။ အဲဒီလို စီမံဆောင်ရွက်နေတဲ့နေရာမှာ အားနည်းမှုတွေရှိရင်လည်း ကော်မတီအနေနဲ့ တိုက်တွန်းမှုတွေ၊ အကြံပြုမှုတွေ ပြုလုပ်ကူညီပံ့ပိုး ပေးရမှာဖြစ်ပါတယ်။ အဲဒီအပိုင်းမှာလည်း အားနည်းနေသေးတယ်လို့ ကျွန်တော့်အနေနဲ့ အကြံပြုတင်ပြလိုပါတယ်။ နောက်တစ်ခု တင်ပြလိုတာကတော့ ဥပဒေပြုမှုအပိုင်းပဲ ဖြစ်ပါတယ်။ အဲဒီအပိုင်းမှာ သစ်တောဥပဒေနဲ့၊ တောရိုင်းတိရစ္ဆာန်နဲ့ သဘာဝအပင်များ ကာကွယ်ရေးနဲ့သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေနှစ်ခုကို ဦးစားပေးဆောင်ရွက်ဖို့ပါသလို ယခုဆိုလို့ရှိရင် သစ်တောဥပဒေမူကြမ်းဟာကျွန်တော်တို့လက်ထဲကို ရောက်နေပြီဖြစ်ပါတယ်။ အစီရင်ခံစာအရ ဥပဒေပြုတဲ့နေရာမှာ ကော်မတီအစည်းအဝေးတွေ၊ ဝန်ကြီးဌာနနဲ့ အစည်းအဝေးတွေအပြင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နဲ့ စည်းဝေးတွေပြုလုပ်ခဲ့ကြောင်းကို တွေ့ရပါတယ်။ အဲဒီအစည်းအဝေးပေါ်မှာ အခြေပြုပြီးမှ ဥပဒေတစ်ခုကိုရေးဆွဲမယ်ဆိုရင် ဘယ်လိုမှကောင်းမွန်ပြည့်စုံတဲ့ ဥပဒေဖြစ်လာမှာမဟုတ်ဘူးလို့ ဆိုချင်ပါတယ်။ ဖြစ်လာတဲ့ဥပဒေဟာလည်း ကော်မတီတွေ၊ ဝန်ကြီးဌာနတွေနဲ့ အခြားအဖွဲ့အစည်းတွေရဲ့ အသံတွေပဲဖြစ်နေမှာဖြစ်ပါတယ်။ ဥပဒေပြုတဲ့နေရာမှာ ပြည်သူကိုမျက်နှာမူဖို့၊ ပြည်သူကိုအကျိုးပြုဖို့၊ ပြည်သူတွေကို အမှန်တကယ်လိုက်နာကျင့်သုံးနိုင်တဲ့ ဥပဒေဖြစ်ဖို့နဲ့ ခေတ်စနစ်နဲ့လိုက်လျောညီထွေမှုရှိပြီး လက်တွေ့ကျကျကျင့်သုံးနိုင်တဲ့ ဥပဒေဖြစ်ဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ကောင်းမွန်ပြည့်စုံတဲ့ ဥပဒေတွေရေးဆွဲနိုင်ဖို့အတွက် အစည်းအဝေးပွဲတွေ၊ ဆွေးနွေးပွဲတွေလုပ်ရုံသာမက သစ်တောနယ်မြေတွေ၊ သဘာဝနယ်မြေတွေရှိတဲ့ဒေသတွေကို ကွင်းဆင်းပြီးတော့မှ သက်ဆိုင်ရာဌာနဆိုင်ရာမှာရှိတဲ့ အောက်ခြေအဆင့်ဝန်ထမ်းတွေနဲ့ တွေ့ဆုံတာတွေ၊ ဒေသခံပြည်သူတွေနဲ့တွေ့ဆုံတာတွေပြုလုပ်ပြီး သူတို့ရဲ့အသံတွေကို နားထောင်သင့်ကြောင်း တင်ပြလိုပါတယ်။ ဒါမှသာ ဒေသခံပြည်သူတွေရဲ့ အခက်အခဲတွေနဲ့ ဌာနဆိုင်ရာဝန်ထမ်းတွေရဲ့ တင်ပြဆွေးနွေးချက်တွေကို သိရမှာဖြစ်ပါတယ်။ အဲဒီလိုသိရမှလည်း ပြည်သူတွေအတွက် ဆိုင်ရာဆိုင်ခွင့်တွေ၊ အကျိုးခံစားခွင့်တွေကို ဘယ်လိုဆောင်ရွက်ပေးနိုင်မလဲ။ ဥပဒေမှာ ဘယ်လိုထည့်သွင်းရေးဆွဲမလဲဆိုတာတွေကို စဉ်းစားဆုံးဖြတ်နိုင်မှာဖြစ်ပါတယ်။ ဒါမှသာ လက်တွေ့ဘဝနဲ့ကိုက်ညီပြီး ပြီးပြည့်စုံတဲ့၊ ပြည်သူတွေလိုက်နာကျင့်သုံးနိုင်တဲ့၊ အမှန်တကယ်အသက်ဝင်မယ့် ဥပဒေဖြစ်လာမှာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ နောက်ဆုံးအနေနဲ့ အကြံပြုလိုတာကတော့ ကော်မတီအနေနဲ့ ပြည်သူ့လွှတ်တော်ကြီးကနေပေးတဲ့တာဝန်တွေကို ကျေပွန်စွာထမ်းဆောင်နိုင်ဖို့အတွက် Field များများဆင်းပေးပါ။ ဒေသခံ

ပြည်သူတွေနဲ့များများတွေ့ဆုံပေးပါ။ သက်ဆိုင်ရာ၊ ဌာနဆိုင်ရာ အောက်ခြေအဆင့်ဝန်ထမ်းတွေအထိ တွေ့ဆုံပေးပါ။ သူတို့ရဲ့အသံတွေကို နားထောင်ပေးပါလို့တိုက်တွန်းရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီနဲ့ပတ်သက်တဲ့ အစီရင်ခံစာ ဆွေးနွေးတဲ့အခါမှာ ခုနက ဒေသဆိုင်ရာ ဒါတစ်နိုင်ငံလုံးနဲ့ပတ်သက်တဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်။ ဒေသဆိုင်ရာကိုယ်စားလှယ်တွေက ဒေသဆိုင်ရာပြည်သူတွေရဲ့ အသံကို ပိုပြီး တော့ သိဖို့လိုတယ်။ ဒီကော်မတီအနေနဲ့ ဒေသဆိုင်ရာပြည်သူတွေနဲ့တွေ့ပြီးတော့ ခုလို တစ်နိုင်ငံလုံး တွေ့နေရင် ဒီဥပဒေတောင်ပေါ်မှာမဟုတ်ဘူး။ အဲဒီတော့ ဒီဥပဒေက ဥပဒေကြမ်းလွှတ်တော်ထဲ ရောက်လာလို့ရှိရင် ဒေသဆိုင်ရာကိုယ်စားလှယ်တွေက၊ မဲပေးထားတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေက ထဲထဲဝင်ဝင်သိပြီးတော့ ဒီဥပဒေကောင်းအောင် ပိုပြီးတော့ အကြံဉာဏ်ကောင်းဆွေးနွေးပေးဖို့ လိုအပ် မယ်။ ဒေသဆိုင်ရာပြည်သူတွေနဲ့သာလိုက်တွေ့နေရင် ဒီဥပဒေကြမ်းပေါ်ဖို့ဆိုတာ အခက်အခဲရှိမယ်။ အဲဒီတော့ ကိုယ့်မဲဆန္ဒနယ်မှာရှိတဲ့ ခုနက ကျွမ်းကျင်ပညာရှင်တွေ၊ ဌာနဆိုင်ရာဝန်ထမ်းတွေ၊ မဲဆန္ဒရှင် ပြည်သူတွေရဲ့ အသံနဲ့ဆန္ဒသဘောထားတွေကို ကိုယ်စားလှယ်တွေက ပိုပြီးတော့သိပြီးတော့ လွှတ်တော်ထဲမှာ အကြံကောင်း၊ ဉာဏ်ကောင်းပေးနိုင်ရင် ပိုပြီးမြန်မယ်၊ ပိုပြီးတော့အကောင်အထည် ဖော်လို့အဆင်ပြေမယ်။ အဲဒါလည်း ကျွန်တော်တို့ ကိုယ်စားလှယ်တွေက စဉ်းစားပေးဖို့တော့လိုမယ်။

**ဥက္ကဋ္ဌ**။ ။ ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ ဆွေးနွေးရန်ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းထွေးသူ(ဖားဆောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ကျွန်မ ကတော့ ကယားပြည်နယ်၊ ဖားဆောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းထွေးသူ ဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာကော်မတီ၏ နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ၏ အပိုဒ်(၃) ရည်ရွယ်ချက်တွင် ကော်မတီ၏တစ်နှစ်တာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို သိရှိပြီး လိုအပ်ချက်များကို လမ်းညွှန်မှုပြုနိုင်ပါရန်ဆိုသည့်အတွက် ကျွန်မအနေဖြင့် ကော်မတီရဲ့အစီရင်ခံစာကို ထောက်ခံ အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင့်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီသည် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် မှန်ကန်စွာစိစစ်ဆောင်ရွက်ပေးရန် အရေးကြီးသော ကော်မတီတစ်ခုဖြစ်ပါသည်။ ကော်မတီ၏လုပ်ငန်း ဆောင်ရွက်မှုသည်လည်း ထိရောက်မှုရှိမှသာ ပြည်သူများ၏ တိုင်ကြားစာများ၊ အသနားခံစာများ

ဖြေရှင်းဆောင်ရွက်ရာတွင်လည်း ကော်မတီ၏လုပ်ငန်းတာဝန်များကို ကျေပွန်စွာဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ကော်မတီမှ တာဝန်ယူဆောင်ရွက်ရမည်ဟု သတ်မှတ်ပေးထားသော ဥပဒေကိုးခုအနက် သစ်တောဥပဒေ၊ မြန်မာ့သတ္တုတွင်းဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေများသည် ယခုလက်ရှိ ရင်ဆိုင်ဖြေရှင်းနေရသော ပြဿနာများတဲ့အတွက် အထူးအရေးကြီးသည်နှင့်အညီ ဥပဒေများဖြစ်သည့် အတွက် ဥပဒေများကို ပြန်လည်ပြင်ဆင်ရေးဆွဲခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းများပြုလုပ်ရာတွင် ပြည်သူနှင့် ကိုက်ညီ၍ ပြည်သူများလိုက်နာကျင့်သုံးနိုင်သော ဥပဒေများဖြစ်လာစေရန်အတွက် ကော်မတီမှ လွှတ်တော်သို့မတင်သွင်းမီ ဥပဒေများစိစစ်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ကျွမ်းကျင်ပညာရှင်များ၊ ဥပဒေကြမ်းကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ယင်းဥပဒေကြမ်းနှင့်သက်ဆိုင်သော ကော်မတီ များ၊ သက်ဆိုင်သည့်အသင်းအဖွဲ့များကိုပါ ဖိတ်ကြား၍ အားလုံးပါဝင်နိုင်သော တွေ့ဆုံဆွေးနွေးမှုများ ကို ကျယ်ကျယ်ပြန့်ပြန့်ဝိုင်းဝန်းအကြံပြုဆွေးနွေးသွားသင့်ပါသည်။

ကော်မတီ၏အပိုဒ် ၁၇ တိုင်ကြားစာများ လက်ခံဆောင်ရွက်ထားရှိမှုအခြေအနေတွင် ကော်မတီ စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တင်ပြစာ၊ အသနားခံစာ စုစုပေါင်း ၇၈ စောင် လက်ခံရရှိပါသည်ဟု သိရှိ ရပါသည်။ ကော်မတီသို့ လိပ်မူသည့်တိုင်ကြားစာ ၄၂ စောင်ရှိပြီး မိတ္တူပေးပို့သည့် တိုင်ကြားစာ ၃၆ စောင်ရှိရာတွင် ကော်မတီသို့ပေးပို့သည့်တိုင်ကြားစာများအတွက် ၃၁ စောင်ကို သက်ဆိုင်ရာဝန်ကြီး ဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသို့ စာဖြင့်ဆက်သွယ်ပေးပို့မေးမြန်းခြင်း ဆောင်ရွက် သည်ဟု သိရှိရပါတယ်။ ကော်မတီသည် တိုင်ကြားစာများ၊ အသနားခံစာများ ဖြေရှင်းရာတွင်လည်း သက်ဆိုင်ရာဝန်ကြီးဌာနနှင့် သက်ဆိုင်ရာမဲဆန္ဒနယ်မှ ကိုယ်စားလှယ်များကိုပါဖိတ်ကြား၍ ပါဝင် ဆွေးနွေးသင့်သည်ဟု အကြံပြုလိုပါသည်။ မိတ္တူပေးပို့သည့် တိုင်ကြားစာ ၃၆ စောင်တွင်လည်း ကော်မတီနှင့်သက်ဆိုင်သောစာများကို အရေးတယူပြုလုပ်ပြီး ဖြေရှင်းဆောင်ရွက်ပေးသင့်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကော်မတီသို့အောက်ခြေမှာပေးပို့လာသော တိုင်ကြားစာ များတွင် အချို့အချက်အလက်အစီရင်ခံစာများသည် တရားမျှတမှုရှိ/မရှိ။ လုပ်ထုံးလုပ်နည်းနှင့် ညီ/မညီ။ မှန်ကန်မှုရှိ/မရှိ သိရှိနိုင်ရန်နှင့် အုပ်ချုပ်ရေးဌာနမှဆောင်ရွက်မှုအခြေအနေကိုလည်း သိရှိ နိုင်ရန်နှင့် အစိုးရသို့ ထိန်းကျောင်းတည့်မတ်ပေးဖို့အတွက် ကော်မတီကအခါအားလျော်စွာ သေချာ လေ့လာကွင်းဆင်းမှုများ ဆောင်ရွက်သွားရန်လိုအပ်ပါသည်။ သို့မှသာ ကော်မတီမှဖြေရှင်းရသော တိုင်ကြားစာ ပြဿနာများကို မှန်ကန်စွာဖြေရှင်းပေးနိုင်မည်ဖြစ်သလို ပြည်သူများ၏ အားကိုးယုံကြည် မှုကိုလည်း ပိုမိုရရှိနိုင်မည်ဖြစ်ပါသည်။ ကော်မတီသည် တိုင်ကြားစာများ၊ အသနားခံစာများအား

ကြားနာစိစစ်ပြီး ပုဂ္ဂိုလ်တစ်ဦးချင်း၊ ဌာနအဖွဲ့အစည်း၊ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်များ၏ အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်၍ လွှတ်တော်သို့ အကြံပြုတင်ပြလုပ်ဆောင်သွားရန်လိုအပ်ပါသည်။ ကော်မတီ၏ အပိုဒ် ၂၀ ပြည်တွင်းလူမှုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံကြားနာမှုခြောက်ကြိမ်၊ ပြည်ပအဖွဲ့အစည်းများနှင့် လက်ခံတွေ့ဆုံမှု ရှစ်ကြိမ်၊ ပြည်တွင်း/ပြည်ပ တွေ့ဆုံမှုစုစုပေါင်း ၁၄ ကြိမ်ဟုဆိုရာတွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံကြားနာမှုနည်းပါးနေကြောင်း လေ့လာတွေ့ရှိရပါတယ်။ ကော်မတီအနေဖြင့် သယံဇာတထွက်ရှိသောဒေသပြည်နယ်များတွင် ပို၍ ကွင်းဆင်းပြီး ဒေသခံပြည်သူများ၏ တွေ့ဆုံကြားနားမှုကို ယခုထက်ပို၍ လုပ်ဆောင်သင့်ပါသည်ဟု အကြံပြုတိုက်တွန်းလိုပါသည်။

သို့မှသာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုရှိ/မရှိ၊ အချို့သယံဇာတတူးဖော်ခြင်းလုပ်ငန်းများသည် ဥပဒေနှင့် ညီ/မညီ၊ ဒေသခံပြည်သူများ၏ အကျိုးအတွက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ထားရှိမှု အခြေအနေရှိ/မရှိဆိုတာကို ပိုမိုသိရှိနိုင်မည်ဖြစ်ပါသည်။ နိဂုံးချုပ်အနေဖြင့် သယံဇာတနှင့်ဘဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာများသည် ယခုထက်ပို၍ ကောင်းမွန်ပြည့်စုံသော အစီရင်ခံစာများထွက်ရှိလာရန်အတွက် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို လိုက်နာကျင့်သုံး၍ ပို၍ထိရောက်အကျိုးပြုသော ဥပဒေများကို အမြန်ဆုံးတင်သွင်းနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားရန် အကြံပြုတိုက်တွန်းရင်းနိဂုံးချုပ်အပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါသည်။

**ဥက္ကဋ္ဌ**။ ။ မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဦးလှစော(မြောက်ဦးမဲဆန္ဒနယ်)**။ ။ အားလုံးကို လေးစားပါတယ်။ ကျွန်တော်က မြောက်ဦးမဲဆန္ဒနယ်က ဦးဦးလှစောပါ။ ကော်မတီရဲ့အစီရင်ခံစာနှင့်ပတ်သက်ပြီးတော့ အတတ်နိုင်ဆုံး၊ အကြိုးစားဆုံးလုပ်ဆောင်ထားတဲ့အတွက် ကျွန်တော့်အနေနဲ့တော့ ထောက်ပြဝေဖန်စရာမရှိပါ။ အစီရင်ခံစာရဲ့နိဂုံးမှာပါတဲ့အတိုင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီအပါအဝင် လွှတ်တော်ရဲ့ကော်မတီတိုင်းဟာ ဥပဒေပြုစုရေး၊ အပြန်အလှန်ထိန်းကျောင်းရေး၊ ကိုယ်စားပြုရေးဟူသည့် တာဝန်တွေကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ကြိုးစားထမ်းရွက်ကြတယ်လို့ယုံကြည်ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီအနေနဲ့ လိုအပ်ချက်၊ အားနည်းချက်များရှိနေဦးမည်ဖြစ်ရာ ဖြည့်ဆည်းဆောင်ရွက်ရေး ဆတက်ထမ်းပိုးကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစီရင်ခံထားတာကို ဖတ်ရှုရပါတယ်။ ဒါကြောင့်

ဒီကော်မတီ ပိုမိုအားကောင်းလာရေးအတွက် အကြံပေးထောက်ပြလိုပါတယ်။ လွှတ်တော် ကော်မတီတွေအားကောင်းမှ ဒီမိုကရေစီအုတ်မြစ်တွေကို ချပေးနိုင်မှာဖြစ်ပါတယ်။ ဤကော်မတီဟာ သယံဇာတတွေနှင့်ပတ်သက်ပါတယ်။ သယံဇာတဆိုတာ သဘာဝတရားရဲ့လက်ဆောင်၊ ဘိုးဘွားတွေရဲ့အမွေ၊ ဘုရားပေးတဲ့ဆုပါ။ ဒါပေမဲ့ ပညာအားနည်းရင်၊ စီမံခန့်ခွဲမှုအားနည်းရင် ကျွန်တော်တို့ ပုံပြင်ထဲက ကုဋေ ၈၀ သူဌေးသားလိုဖြစ်သွားနိုင်ပါတယ်။ သယံဇာတကျိန်စာလို့ ပညာရှင်တွေက သတ်မှတ်ကြပါတယ်။ အာဖရိကအတွေ့အကြုံမှာလည်း အများကြီးရှိပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့အတွက်၊ ဖွံ့ဖြိုးဖို့အတွက် ကျွန်တော်တို့ပေါကြွယ်ဝတဲ့ သယံဇာတတွေကို ဘယ်လိုအကောင်းဆုံးစီမံခန့်ခွဲမှုဆိုတာနဲ့လည်း ဆက်စပ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့တဲ့မေလတုန်းက ကျွန်တော်တို့ရဲ့ သမိုင်းဝင်ဒုတိယပင်လုံညီလာခံကြီးကို ကျင်းပခဲ့ပါတယ်။ ကျွန်တော်တို့ အစိုးရ၊ တပ်မတော်၊ အားလုံးမပါပေမယ့် NCA ထိုးထားတဲ့အဖွဲ့တချို့တက်ရောက်ခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များလည်းတက်ရောက်ခဲ့ပါတယ်။ အဲဒီညီလာခံရဲ့ရလဒ်တွေနဲ့ဆက်စပ်ပြီး ဒီသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီနဲ့ပတ်သက်ပြီးတော့ အနည်းငယ်ဆွေးနွေးလိုပါတယ်။ ညီလာခံကြီးက National Accord ၃၇ ချက်ကို အတည်ပြုခဲ့ပါတယ်။ ဒီ NCA ရဲ့လမ်းပြမြေပုံအရဆို ၂၀ (စ)အရဆိုရင် ပြည်ထောင်စုလွှတ်တော်ကို တင်သွင်းပြီးတော့အတည်ပြုရမယ့်အဆင့်ဖြစ်ပါတယ်။ ကျွန်တော်တို့ ကြိုဆိုပါတယ်။ အဲဒီမှာ နိုင်ငံရေးမူဝါဒ သဘောတူအချက်များရဲ့ ၄(က)မှာ နိုင်ငံတော်ကို ဒီမိုကရေစီနှင့်ဖက်ဒရယ်အခြေခံသော ပြည်ထောင်စုအဖြစ် ဖွဲ့စည်းရမည်လို့ပါရှိပါတယ်။ ၄(စ)မှာ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများသည် ကောက်ခံရရှိသောအခွန်ငွေများ၊ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့်အရင်းအနှီးများကို ဥပဒေနှင့်အညီ မျှဝေခံစားခွင့်ရှိစေရမည်လို့ပါရှိပါတယ်။ ဒါဟာ ကျွန်တော်တို့ မျှော်မှန်းတဲ့ နောင်ပေါ်ထွန်းလာမည့် ဖက်ဒရယ်နိုင်ငံသစ်အတွက် သယံဇာတအရင်းအမြစ်ဆိုင်ရာမူဝါဒလမ်းညွှန်လို့ပဲ ကျွန်တော် နားလည်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သယံဇာတခွဲဝေမှု၊ ခန့်ခွဲမှုဆိုတာဟာ Federal နိုင်ငံများမှာတောင်မှတစ်နိုင်ငံနှင့်တစ်နိုင်ငံကွဲပြားကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်ထောင်စုနဲ့ ပကတိတရားနှင့်ကိုက်ညီတဲ့ Model တစ်ခုကို ကျွန်တော်တို့ကော်မတီအနေနဲ့ ကြိုတင်ဆွေးနွေးထားဖို့ ပင်လုံညီလာခံမှာ ကော်မတီရဲ့ကိုယ်စားလှယ်တက်တဲ့အခါမှာ ကော်မတီရဲ့သဘောထား၊ လွှတ်တော်ရဲ့သဘောထားကို တက်ရောက်သူကိုယ်စားလှယ်က ဆွေးနွေးဖို့လိုအပ်တယ်လို့ ကျွန်တော်ထင်မြင်မိပါ

တယ်။ ကော်မတီရဲ့လုပ်ငန်းစဉ်(၈)ထဲမှာပါတဲ့အတိုင်း ကော်မတီဟာ ကျွန်တော်တို့ တတ်သိပညာရှင်တွေကို ဖိတ်ခေါ်ပြီး ဆွေးနွေးနိုင်ခွင့်ရှိပါတယ်။ အဲဒီတော့ ကော်မတီအနေနဲ့ ပြည်တွင်းမှာရှိတဲ့ တိုင်းရင်းသားပညာရှင်ထဲကဖြစ်ဖြစ်၊ ပြည်တွင်းမှာရှိတဲ့ နိုင်ငံခြားသားပညာရှင်တွေကိုဖြစ်ဖြစ် ဖိတ်ခေါ်ပြီးတော့ ကျွန်တော်တို့ Resource Sharing Fiscal Federalism နဲ့ပတ်သက်တဲ့ သဘောတရားတွေကို ကျွန်တော်တို့ ကော်မတီဝင်တွေနဲ့ ညှိနှိုင်းဆွေးနွေးမှုတွေလုပ်သင့်ပါတယ်။ ကျွန်တော်တို့ စိတ်ဝင်စားတဲ့သူတွေကိုလည်း ဖိတ်ခေါ်သင့်ပါတယ်။ Federal စနစ်ရဲ့ဦးနှောက်ဟာ Power Sharing နှလုံးသားဟာ  Resource and Revenue Sharing ဖြစ်တယ်လို့ဆိုနိုင်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုကြီးအတွက်၊ ငြိမ်းချမ်းရေးပေါ်ထွန်းလာဖို့အတွက်၊ ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဆိုလို့ရှိရင် ဒီဟာတွေဆက်စပ်နေပါတယ်။ ဒါကြောင့် နောင်လာမယ့် ညီလာခံအဆင့်ဆင့်မှာ လွှတ်တော်ရဲ့ သယံဇာတဆိုင်ရာသဘောထားတွေကို ဆက်တိုက်တင်ပြနိုင်ဖို့အတွက် ကော်မတီအနေနဲ့ ကြိုတင်  ပြင်ဆင်သင့်ပါကြောင်း အကြံပေးလိုပါတယ်။

ဒုတိယတစ်ချက်က သယံဇာတဆိုင်ရာစီမံကိန်းတွေကို အကောင်အထည်ဖော်တဲ့အခါမှာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုတွေ ပေါ်ထွက်လာပါတယ်။ ဥပဒေလုပ်ထုံးလုပ်နည်းတွေ ဘယ်လိုပဲရှိရှိ ချိုးဖောက်မှုတွေကရှိနေပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူအတွေ့အကြုံအရ လုပ်ငန်းကြီးတွေဟာ ဒေသခံပြည်သူတွေကို မလေးစားတာ၊ အလုပ်သမားဆိုင်ရာစံချိန်စံညွှန်းတွေကို မလေးစားတာ၊ သဘာဝပတ်ဝန်းကျင်တွေကို မလေးစားတာကိုတွေ့ရပါတယ်။ ကုမ္ပဏီကြီးတွေဟာ၊ ကော်ပိုရေးရှင်းကြီးတွေဟာ လူမှုရေးတာဝန်သိမှု၊ တာဝန်ယူမှု Corporate Social Responsibility တွေကိုလည်း မလိုက်နာကြတော့ဘူး။ ဒါဟာ တိုင်းပြည်အန္တရာယ်ဖြစ်နေပါတယ်။ ဒါကိုထိန်းကျောင်းဖို့ ကျွန်တော်တို့ကို အပ်နှင်းထားပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာမေးခွန်းတွေ၊ ဝန်ကြီးဌာနဖြေကြားချက်တွေ၊ လူထုတိုင်စာတွေ၊ ကော်မတီကွင်းဆင်းချက်တွေကို လေ့လာပြီး မူဝါဒတစ်ရပ်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကော်မတီသဘောထားကို စုစည်းနိုင်ဖို့လိုအပ်ပါတယ်။ ဒါမှ ကျွန်တော်တို့လွှတ်တော်ရဲ့ အပြန်အလှန်ထိန်းကျောင်းရေးတာဝန်ကို ပီပြင်မှာဖြစ်ပါတယ်။ ဒုက္ခရောက်နေတဲ့ ဒေသခံပြည်သူတွေအတွက် အားကိုးစရာအကျိုးပြုလုပ်ငန်းဖြစ်လာပါလိမ့်မယ်။

နောက်ဆုံးတစ်ချက်အနေနဲ့ ကော်မတီတွေကို ဖွဲ့စည်းတဲ့အခါမှာ တာဝန်အားလုံးလွှမ်းခြုံလိုက်ရင် တစ်ဦးချင်းရဲ့သဘောထား၊ ဘာသာရပ်အလိုက် စိတ်ဝင်စားမှု၊ ပတ်သက်ဆက်နွယ်မှုတွေ

လည်း စဉ်းစားသင့်ပါတယ်။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူဟာ သဘာဝဓာတ်ငွေ့ပိုင်လိုင်း၊ ရေနံပိုက်လိုင်း၊ ရေနံတင်သင်္ဘောဆိပ်၊ ရေနက်ဆိပ်ကမ်း၊ စက်မှုဇုန်တွေများနေတဲ့အတွက်ကြောင့် ဒီကော်မတီထဲမှာ ရခိုင်လွှတ်တော်ကိုယ်စားလှယ်ပါဝင်သင့်ကြောင်းကိုလည်း အကြံပေးလိုပါတယ်။ အားလုံးကို လေးစားပါတယ်။

## ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်သုံးဦးက ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ယခုအစီရင်ခံစာနှင့်စပ်လျဉ်းပြီး လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးအေးနိုင်(အတွင်းရေးမှူး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီရဲ့ အတွင်းရေးမှူး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင် ဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်မတီရဲ့နှစ်ပတ်လည်အစီရင်ခံစာကို ၂၆-၆-၂၀၁၇ ရက်နေ့ကျင်းပတဲ့ (၂၁)ရက်မြောက်နေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဖတ်ကြားတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သုံးဦးမှအကြံပြုဆွေးနွေးတင်ပြခဲ့ပြီးလည်း ဖြစ်ပါတယ်။ ကော်မတီရဲ့ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့ ကော်မတီအနေနဲ့ ပထမဦးစားပေးဖြစ်တဲ့ သစ်တောဥပဒေ၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေတို့ကို အသစ်ရေးဆွဲပြီး လွှတ်တော်ကိုလည်း တင်ပြနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ထို့အတူပဲ ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းများနှင့်ပတ်သက်လို့ သက်ဆိုင်ရာ မတ္တရာ၊ စဉ့်ကူးစတဲ့နယ်မြေက လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ခေါ်ပြီးတော့ ဝန်ကြီးဌာနများ၊ ကော်မတီဝင်များနှင့်လည်း ဆွေးနွေးခြင်း၊ ကချင်ပြည်နယ် ခါကာဘိုရာဇီသဘာဝ

နယ်မြေ တိုးချဲ့ရေးလုပ်ငန်းနှင့်ပတ်သက်၍လည်း သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ကြီးဌာနများ၊ ကော်မတီများဆွေးနွေးမှုကိုလည်း စီစဉ်ထားပြီးလည်း ဖြစ်ပါတယ်။ ထို့အတူပဲ မကြာမီရက်ပိုင်းကပဲ သစ်တောနယ်မြေများ ထိန်းသိမ်းရေးနဲ့ ပြုစုပျိုးထောင်ရေးလုပ်ငန်းများကိုလည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အနေဖြင့် နယ်မြေများကို ကွင်းဆင်းပြီးတော့လည်း ကျွန်တော်တို့ ဒါည့်နှိုင်းဆောင်ရွက်ခဲ့ပြီးလည်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော်တို့ဟာ ဒီအကြံပြုချက်များကို မှတ်တမ်းတင်ပြီးတော့ ရှေ့လုပ်ငန်းစဉ်များမှာ ပိုမိုပြည့်စုံစွာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာကို ပြည်သူ့လွှတ်တော်ကြီးမှ သဘောတူလက်ခံပေးပါရန် လေးစားစွာဖြင့် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကိုအတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါ့မယ်။ ပြည်သူ့လွှတ်တော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်ကသဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိအတည်ပြု၍ ပေးပို့လာသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့တင်ပြခြင်း**

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်မရှိအတည်ပြု၍ ပေးပို့လာသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းကို ၇-၇-၂၀၁၇ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်စိန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးနှင့်ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကနေ့ လွှတ်တော်အစည်းအဝေးမှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးချက်အရ ကျွန်တော် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မဲဆန္ဒနယ်မှ ဥပဒေကြမ်းကော်မတီဝင် ဦးအောင်စိန်ကနေပြီးတော့ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်သူ့လွှတ်တော်

ဥပဒေကြမ်းကော်မတီ

သို့

**မူကြမ်း**

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက်။ အမျိုးသားလွှတ်တော်၏ ၇-၇-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၁/ အမ(ကော်မတီ-၁) ၁/၂၀၁၇-၃၃၃

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်မင်းကတင်သွင်းသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၃၀-၆-၂၀၁၇ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၇-၇-၂၀၁၇ ရက်နေ့က အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်မရှိအတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော် တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအား အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ တာဝန်များကို ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ပြင်ဆင်ရေးဆွဲခြင်းဖြစ်ကြောင်း စိစစ်လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၁-၇-၂၀၁၇ ရက်နေ့(အင်္ဂါနေ့)တွင် ညှိနှိုင်း အစည်းအဝေးများကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံ ရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ ကော်မတီ၏လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များ၏ အသက်အရွယ် အကန့်အသတ်ကို တိုးမြှင့်၍ပြင်ဆင်ခြင်းဖြစ်သည့်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်မရှိ အတည်ပြုချက် အား ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင်အများစုက သဘောတူလက်ခံခဲ့ကြပါသည်။

၄။ သို့ပါ၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ

စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။

အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/ ၂၀၁၇- ၁၈၁
ရက်စွဲ ၊ ၂ ၀ ၁ ၇ ခု နှစ်၊ ဇူလိုင် လ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက် ။ အမျိုးသားလွှတ်တော်၏ ၇-၇-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၁/အမ (ကော်မတီ-၁) ၁/ ၂၀၁၇- ၃၃၃

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်မင်းက တင်သွင်းသော အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၃၀-၆-၂၀၁၇ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၇-၇-၂၀၁၇ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ လုပ်ငန်းတာဝန်များကို ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်ကြောင်း စိစစ်လေ့လာတွေ့ရှိရပါသည်။

**မူကြမ်း**

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၁-၇-၂၀၁၇ ရက် (အင်္ဂါနေ့)တွင် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ ကော်မရှင်၏လုပ်ငန်းတာဝန်များ ပိုမို ထိရောက်စွာဆောင်ရွက်နိုင်ရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များ၏ အသက်အရွယ်ကန့်သတ်ချက်ကို တိုးမြှင့်ပြင်ဆင်ခြင်းဖြစ်သည့်အတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်မရှိ အတည်ပြုချက်အား ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် အများစုက သဘောတူလက်ခံကြပါသည်။

၄။ သို့ဖြစ်ပါ၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေး လိုသူများသည် ပြင်ဆင်လိုတဲ့ဥပဒေကြမ်းရဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကိုတိတိကျကျဖော်ပြ၍ ၁၄-၇-၂၀၁၇ ရက်(သောကြာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။ (ကြိဘာသံများ)

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၉)ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၀)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကိုရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်(ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီမှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ကြိဘာသံများ)

**မှုကြမ်း**

**အချိန်၊ ၁၁း၅၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ၁၁း၅၀ နာရီ အချိန်တွင်ရပ်နားပါသည်။

**မှူကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်နေ့
## (၁၂.၇.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့်
## ပုဂ္ဂိုလ်များ



ဒေါ်နန်းခမ်းအေး
(နမ္မတူ မဲဆန္ဒနယ်)



ဦးစိုင်းသီဟကျော်
(မိုင်းရယ် မဲဆန္ဒနယ်)



ဒေါက်တာအောင်ခင်
(ပြင်ဦးလွင် မဲဆန္ဒနယ်)



ဦးစိုးစံသက်ထွန်း
(မြင်းမူ မဲဆန္ဒနယ်)



ဒေါက်တာခင်စိုးစိုးကြည်
(ပြည် မဲဆန္ဒနယ်)



ဦးဖေသန်း
(မြေပုံ မဲဆန္ဒနယ်)



ဗိုလ်ချုပ်သန်းထွဋ် (ဒုတိယဝန်ကြီး)
နယ်စပ်ရေးရာဝန်ကြီးဌာန



ဦးကျော်လင်း (ဒုတိယဝန်ကြီး)
ဆောက်လုပ်ရေးဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်